# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 28 August 2025 ၁၁၉၂၃


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်ပြီးစီး

လွိုင်ကော် ဩဂုတ် ၂၇

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများသည် အကြမ်းဖက်သောင်းကျန်းသူများ ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻



**ကြည့်ရှုစစ်ဆေး**

ကယန်းသာယာ ဓာတ်အားခွဲရုံ ပြုပြင်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးပေးနေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။



## ပြည်သူတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ဖျက်ဆီးတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီ

ဆောင်းပါး စာမျက်နှာ » ၆


ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ — စာမျက်နှာ » ၃

ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများ စစ်ဆေး တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိ — စာမျက်နှာ » ၈

၂၀၂၅ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက် — စာမျက်နှာ » ၉

ဆီးချိုသွေးချိုရောဂါက အရှင်းပျောက်ကင်းအောင် ကုသလို့မရတဲ့ နာတာရှည်ရောဂါ တစ်မျိုးဖြစ်လို့ ဆီးချိုသွေးချိုကို စနစ်တကျ ထိန်းထားနိုင်ရင် ရောဂါမရှိသူ လူတစ်ယောက်လို ကျန်းကျန်းမာမာနေထိုင်သွားနိုင်မှာ ဖြစ်ပါတယ် — စာမျက်နှာ » ၁၁

ကြေးမုံ

# ပညာပြည့်ဝနှလုံးလှ၍ နိုင်ငံ့အကျိုးသယ်ပိုး

ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် ပညာရေးကိုအခြေခံပြီး နိုင်ငံကို တည်ဆောက်နေကြသည်။ ပညာရေးသည် လူတစ်ဦးတစ်ယောက်အတွက်သာလျှင် အရေးပါသည် မဟုတ်၊ လူ့ပတ်ဝန်းကျင် အသိုက်အဝန်းကို တည်ဆောက်ခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင်လည်း အဓိကနေရာမှ ပါဝင်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ တည်ဆောက်ရေးတွင်လည်း ဒီမိုကရေစီသဘောတရားများနှင့်အတူ လက်တွေ့အကောင်အထည်ဖော်သည့်အခါတွင် ပညာတတ်မြောက်မှု အရည်အသွေးမြင့်မားနေရန် လိုအပ်သည်။

"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပါ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာအရည်အသွေးပြည့်ဝသည့် လူငယ်များ၏အား အများကြီးလိုအပ်ကြောင်း၊ "ပညာ"ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို သိရှိနားလည်ပြီး စဉ်းစားတွေးခေါ် ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်"ပင်ဖြစ်ကြောင်း" နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်ပွဲတွင် ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီစနစ်နှင့်ကိုက်ညီမည့် အသိဉာဏ်၊ ဗဟုသုတ၊ အတွေးအခေါ်များရှိကြရန် အထူးလိုအပ်လျက်ရှိသည်။ အခြေခံပညာသင်ကျောင်းများတွင် သင်ကြားပေးလိုက်သည့် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များသည် မြန်မာနိုင်ငံနှင့် ဆီလျော်လိုက်ဖက်သည့် ဒီမိုကရေစီကျင့်စဉ်ကောင်းများ၏ အခြေခံအုတ်မြစ်များဖြစ်သည်။ ထို့ကြောင့် ကလေးသူငယ် လူငယ်လူရွယ်များ စဉ်ဆက်မပြတ် ပညာသင်ကြားရေးနှင့် လူငယ်များအတွက် အတတ်ပညာသာမက အသိပညာ၊ ဗဟုသုတများ ပြည့်ဝရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသည်။ အရေးကြီးသည့် အသိပညာများကို ကျောင်းတွင် ကျေညက်အောင်လေ့လာပြီး လက်တွေ့ဘဝတွင် ပြန်လည်အသုံးပြုသင့်ပေသည်။

"ပညာရဲရင့် ပွဲလယ်တင့်"၊ "ပညာရွှေအိုး လူမခိုး" ဟူသော အဆုံးအမများသည် ပညာ၏တန်ဖိုးများပင်ဖြစ်ပြီး "ငယ်စဉ်အခါ ပညာရှာ"ဆိုသည့်စကားသည် နုပျိုငယ်ရွယ်စဉ်ဘဝတွင် ပညာရှာဖွေဆည်းပူးရန် တိုက်တွန်းထားခြင်းဖြစ်သည်။ လူတစ်ယောက်သည် ပညာရှာဖွေ၊ ပညာဆည်းပူး၊ ပညာတတ်မြောက်ရုံဖြင့် မပြည့်စုံသေးဘဲ ပညာရေးဆောင်ပုဒ်ဖြစ်သည့် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုသည့်အတိုင်း ပညာရှာဖွေဆည်းပူးသည့်အခါတွင် အခြေခံစိတ်ဓာတ်ကောင်းမွန်မှုနှင့်အတူ စည်းကမ်းဥပဒေ လေးစားလိုက်နာရန်လည်း အရေးကြီးသည်။ ထို့ကြောင့် နိုင်ငံတော်၏ပညာရေး စဉ်ဆက်မပြတ် တိုးတက်စေရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သည့် "အမျိုးသားပညာရေးကဏ္ဍ" ကို နိုင်ငံတော်က တာဝန်ယူပံ့ပိုးဖော်ပေးနေသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံပညာအဆင့်ကို တတ်မြောက်အောင်မြင်ပြီးသည့်နောက် မကြာမီတွင် တက္ကသိုလ်အသီးသီးသို့ ဆက်လက်တက်ရောက်ကာ အဆင့်မြင့်ပညာရပ်များကို ဆည်းပူးလေ့လာကြရမည်ဖြစ်သည်။ ပညာဆည်းပူးခြင်းသည် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ ပညာပြည့်ဝမှသာ မိမိတို့ဆန္ဒရှိသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ အသိဉာဏ်ဆင်ခြင်တုံတရားမြင့်မားမှသာ မိမိတို့ရည်မှန်းချက်ပန်းတိုင် ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ ထို့ကြောင့် သင်ယူဆည်းပူးရရှိထားသော အသိပညာ၊ အတတ်ပညာများ၊ အလေ့အကျင့်ကောင်းများနှင့် ခံယူချက်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် နည်းပညာဆန်းသစ်မှုများကြောင့် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည်။ ထိုသို့ပြောင်းလဲမှုများနှင့်အတူ လူငယ်လူရွယ်များကလည်း လိုက်ပါနိုင်အောင် ကြိုးစားအားထုတ်ကြရန်လိုသည်။ ပြောင်းလဲမှုများနှင့်အတူ ကြိုးစားအားထုတ်သည့်အခါတွင် သတင်းအချက်အလက်၊ မီဒီယာခေတ်နှင့်အညီ မျက်ခြည်မပြတ် လိုက်ပါနေရန်လိုအပ်သည်။ ပြောင်းလဲနေသောခေတ်ရေစီးကြောင်းနောက်တွင် မိမိတို့၏ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ကိုယ်ပိုင်ဓလေ့စရိုက်အစဉ်အလာကောင်းများ တိမ်မြုပ်မသွားစေရန်လည်း ဆင်ခြင်ထိန်းသိမ်းကြရမည်ဖြစ်သည်။ မျက်မှောက်ကာလ၌ သတင်းတု၊ သတင်းမှားများ၊ လုပ်ကြံဖန်တီးသတင်းများသည် လူတစ်ဦးတစ်ယောက်ချင်းစီမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို သိမ်းသွင်းဖြားယောင်းလျက်ရှိရာ ယင်းတို့ကို မှန်ကန်သည့်အသိ၊ သတိ၊ ပညာတို့နှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိရန်လိုသည်။

သို့ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် အသိပညာ၊ အတတ်ပညာများအား စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနေရမည်ဖြစ်သလို ဘဝတွင် အခက်အခဲများ၊ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် မှန်ကန်သည့် အသိဉာဏ်ပညာများနှင့် ဖြေရှင်းတတ်နိုင်ရန် ပညာဝမ်းစာပြည့်ဝအောင် လေ့လာဆည်းပူးဖြည့်ဆည်းပြီး ပညာပြည့်ဝနှလုံးလှသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် နိုင်ငံ့အကျိုးကို သယ်ပိုးစွမ်းဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## မုဒုံမြို့၌ ဒသမအကြိမ် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မုဒုံ ဩဂုတ် ၂၇

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပညာရေးမိသားစု၏ ဒသမအကြိမ် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့နံနက် ၈ နာရီက လေးထပ်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ဂျုံးဂျုံးကျတောရကျောင်းဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တကိတ္တိဝဏ္ဏထံမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်း၊ မြို့နယ်ပညာရေးမှူး ဦးသန်းထွန်းဌေးနှင့် ဒေသ့ပရိသတ်အပေါင်းက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။



ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ ဓမ္မစကြာ(အမွှမ်း)၊ ပဋ္ဌာန်း (အမွှမ်း)၊ ဓမ္မစကြာ(အဖွဲ့)နှင့် ပဋ္ဌာန်း(အဖွဲ့) တို့တွင် ဆုရရှိကြသည့် ကျောင်းများအား ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမနှင့် အထူးဆုများကို ဆရာတော်သံဃာတော်များက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ရာမည (ပြန်/ဆက်)




## ၂၇ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၈ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၁၀၀ | ၇,၂၀၀ | ၇၁၄ | ၅,၀၆၉,၉၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၃၈၇ | ၁,၂၁၉,၀၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၄ | ၂၉,၆၀၀ |
| FPB | ၁,၉၅၀ | ၁,၉၀၀ | ၈၀၅ | ၁,၅၃၆,၂၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁,၀၀၀ | ၂,၆၀၀,၀၀၀ |
| EFR | ၁,၇၅၀ | ၁,၉၀၀ | ၃,၂၁၀ | ၆,၀၈၁,၁၅၀ |
| AMATA | ၃,၄၅၀ | ၃,၄၅၀ | ၁၁၅ | ၃၉၆,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၂၀ | ၆၆,၀၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ





နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်အကြောင်း သိကောင်းစရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပလျက်ရှိသည်။

အလုပ်ရုံ ဆွေးနွေးပွဲဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်သည် အချုပ်အခြာအာဏာကို ကိုယ်စားပြုကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့အတွက် နယ်နိမိတ်ကို ကောင်းမွန်စွာနှင့် ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက် ရန်လိုအပ်ပါကြောင်း၊ အများပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အိမ်နီးချင်းနိုင်ငံများနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးတို့ အတွက် နယ်နိမိတ်ကို စနစ်တကျစီမံခန့်ခွဲရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနယ်နိမိတ်နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား အသိပညာဖလှယ်ရန်၊ ဌာနအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရန်၊ နယ်နိမိတ်ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကောင်းမွန်သော နည်းလမ်းများနှင့် အကြံဉာဏ်များ ဖော်ထုတ်နိုင်ရန်နှင့် နယ်နိမိတ်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် တိကျမှန်ကန်ပြီး နိုင်ငံတော်အကျိုးစီးပွားကို အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ နယ်နိမိတ်ရေးရာ ကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်နေကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ အပါအဝင် အခြား ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် အိမ်နီးချင်းနိုင်ငံများ၌ အခြေစိုက်သည့် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ကုန်းပိုင်းနယ်နိမိတ်နှင့် ပတ်သက်၍ အဓိကဆွေးနွေးကြပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မြေတိုင်းဦးစီးဌာနတို့မှ ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကာ မြန်မာသံရုံး၊ ကူဝိတ်မှ သံအမတ်ကြီးနှင့် သံမှူးကြီး၊ မြန်မာသံရုံး၊ ပရီတိုးရီးယားမှ သံအမတ်/ သံရုံးယာယီတာဝန်ခံတို့က ဘာသာရပ်ကျွမ်းကျင်သူများအဖြစ် Online မှ ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယနေ့တွင် မြန်မာနိုင်ငံ၏ ပင်လယ်နယ်နိမိတ်နှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၏ ရေတပ်ပင်မတိုင်းတာရေးတပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်ဆွေးနွေးကြမည်ဖြစ်သည့်အပြင် မြန်မာသံရုံး၊ စင်ကာပူမှ သံအမတ်/ သံရုံးယာယီတာဝန်ခံက ဘာသာရပ်ကျွမ်းကျင်သူအဖြစ် အွန်လိုင်းမှ ပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၇

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ ဒီဘော့ခ်နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ICRC က ဆောင်ရွက်လျက်ရှိသော လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မန္တလေးငလျင်ကြီးပြန်လည်ထူထောင်ရေးကာလတွင် ICRC အနေဖြင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ ၂၀၂၅ ခုနှစ်အတွင်း ICRC က ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ICRC မှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့ဖုံးမှ

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ကယန်းသာယာဓာတ်အားခွဲရုံ ပြုပြင်ပြီးစီး၍ ဓာတ်အားဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အခက်အခဲမရှိ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်ရေး မှာကြားသည်။

ထို့နောက် တောင်ငူ-လိပ်သို-ယာဒို - လွိုင်ကော် - ဟိုပုံးလမ်းမိုင်တိုင်(၁၃၈/၄)ဖာလုံတွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကျောက်စီရေမြောင်း ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာ သတ်မှတ်ကာလအတွင်းပြီးစီးရေး မှာကြားသည်။

ယင်းနောက် လွိုင်ကော်စက်မှုဇုန်ရှိ ဆီစက်လုပ်ငန်းများနှင့် ဆန်စက်လုပ်ငန်းများ စတင်လည်ပတ်ဆောင်ရွက်နေမှု၊ စက်မှုဇုန်လုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေး 200KVA ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှုနှင့် စက်မှုဇုန်အတွင်း လမ်းရှစ်လမ်း ကတ္တရာခင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင် နွားလဝိုးရွာမကျေးရွာတွင် မိုးစပါးစံပြကွက်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နွားလဝိုးကျေးရွာအုပ်စု နွားလဝိုးရွာမကျေးရွာတွင် မိုးစပါးစံပြကွက် စိုက်ပျိုးထားရှိမှုနှင့် အဆိုပါလယ်မြေများသို့ ရေပေးဝေလျက်ရှိသည့် နွားလဝိုးရေလှောင်ကန် မိုးရေသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့် ရေထိန်းတံခါးများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သထုံမြို့နယ် ဝါးပါးတပ်ဦး ဘုန်းတော်ကြီးသင်မူလတန်း ကျောင်းသား ကျောင်းသူများထံ အလှူငွေများ ပေးအပ်

သထုံ ဩဂုတ် ၂၇

မွန်ပြည်နယ် သထုံမြို့နယ် ထောင်မှူးကျေးရွာအုပ်စုရှိ ဝါးပါးတပ်ဦး ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသား ကျောင်းသူ ၁၀၀ အတွက် ပြည်နယ်အစိုးရအဖွဲ့ သာမန်အသုံးစရိတ်ရန်ပုံငွေမှ လှူဒါန်းသည့် အလှူငွေများကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းပေးကြသည်။

လှူဒါန်းပေးအပ်ရာတွင် သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်နိုင်၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမင်း၊ ခရိုင်ပညာရေးမှူး ဦးခဲမိုင်းနှင့် တာဝန်ရှိသူတို့က ပြည်နယ်အစိုးရအဖွဲ့ သာမန်အသုံးစရိတ်ရန်ပုံငွေမှလှူဒါန်းသည့် အလှူငွေ ၄၀၁၉၂၉ ကျပ်ကို ဝါးပါးတပ်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုန္ဒရထံ ဆက်ကပ်လှူဒါန်းပေးခဲ့ကြသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သထုံခရိုင်အတွင်းရှိ သထုံမြို့နယ်နှင့် ပေါင်မြို့နယ်တို့မှ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ခုနစ်ကျောင်း၊ ကျောင်းသား ကျောင်းသူ ၅၈၈ ဦးတို့အတွက် ပြည်နယ်အစိုးရအဖွဲ့၏ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် လှူဒါန်းငွေကျပ် စုစုပေါင်း ၂၃၆၃၃၄၄ ကျပ် လှူဒါန်းပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသမီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်ရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်ပြီး ဝန်ကြီးဌာနခြောက်ခုမှ ဝန်ထမ်းများ တက်ရောက်ကြမည်ဖြစ်ရာ အဆိုပါ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ ပြုလုပ်သည်။



**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရီးစဉ်တွင် လိုက်ပါမည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုခရီးစဉ်သည် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်ဖြစ်၍ အရေးကြီးပါကြောင်း၊ ယခင်ရှိပြီး တရုတ်-မြန်မာ ချစ်ကြည်ရေး၊ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ခရီးစဉ်တွင် လိုက်ပါကြမည့် ကိုယ်စားလှယ်များအနေဖြင့် တစ်ဦးချင်း၊ အဖွဲ့လိုက် ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ ယခုခရီးစဉ်တွင် ဝန်ကြီးဌာနခြောက်ခုမှ ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ လိုက်ပါကြမည်ဖြစ်၍ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအပြင် မြန်မာနိုင်ငံ၏ တောတောင်ရေမြေသဘာဝနှင့် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာ အကအလှနှင့် ရုပ်သေးအက၊ မြန်မာ့လက်မှုပညာများကို မိတ်ဆက်ပြသသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် အောင်မြင်သော ခရီးစဉ်တစ်ခုဖြစ်စေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်ဖွင့်ပွဲအခမ်းအနား၊ တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲဖွဲ ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတို့တွင် ဖျော်ဖြေမည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဝတ်စုံပြည့် သရုပ်ပြ ကပြခြင်း၊ ရုပ်သေးအကများ ကပြခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် ခရီးစဉ်တွင် လိုက်ပါမည့်ကိုယ်စားလှယ်များက ဖိုရမ်တွင် ဆွေးနွေးပြောကြားမည့် အချက်များ၊ ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များနှင့် ခင်းကျင်းပြသမည့် အခြေအနေတို့ကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တောင်ပိုင်းဒေသညချမ်းနှင့် ချည် Show ပိုးဖဲ အနီးအနားတဖွဲဖွဲ ဈေးရောင်းပွဲတော်အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့မှ ခင်းကျင်းပြသမည့် မြန်မာ့ရိုးရာလက်မှု အနုပညာပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ကူမင်းမြို့တွင် စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ ဝန်ကြီးဌာနများမှ ၃၆ ဦးနှင့် ပြင်ပမီဒီယာနှင့် အဖွဲ့အစည်းများမှ ၁၇ ဦး စုစုပေါင်း ၅၃ ဦးတို့ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုံနှိပ်ထုတ်လုပ်မှုလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးနှင့် အချိန်မီပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဂျီတီစီ ပုံနှိပ်စက်ရုံသို့ရောက်ရှိပြီး ကုန်ကြမ်းများ သိုလှောင်ထားရှိမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှု၊ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အင်းစိန်မြို့နယ်ရှိ ဂျီတီစီပုံနှိပ်စက်ရုံ၊ စာပေပုံနှိပ်စက်ရုံနှင့် အောင်ဆန်းပုံနှိပ်စက်ရုံတို့မှ စက်ရုံမှူးများနှင့် အရာထမ်းများအား တွေ့ဆုံ၍ ကုန်ကြမ်းပစ္စည်းများ စနစ်တကျထားသို၊ ထုတ်ယူအသုံးပြုရေး၊ ပုံနှိပ်ထုတ်လုပ်မှုလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေးနှင့် အချိန်မီပြီးစီးရေး၊ စက်ပစ္စည်းများ ပျက်စီးမှုမရှိအောင်ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးနှင့် မဲပေးခွင့်ရှိသူ ဝန်ထမ်းနှင့်မိသားစုများ မဲပေးနိုင်ရေး၊ လုံခြုံရေး အလေးထားဆောင်ရွက်ရေးနှင့် ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းပီသစွာ ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်နှင့်အညီ ကြိုးစားနေထိုင်ပြီး ဝန်ထမ်းကောင်းများဖြစ်အောင် အသိပညာပေး လေ့ကျင့်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီးဦးဝင်းရှိန် Test Item Database User Training သင်တန်းဆင်းပွဲ တက်ရောက်

**ရန်ကုန် ဩဂုတ် ၂၇**

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) တွင် ခန့်အပ်ထားသည့် စစ်ဆေးအကဲဖြတ်သူ (Assessor) များအတွက် စစ်ဆေးအကဲဖြတ်ရေးဆိုင်ရာ အချက်အလက်များနှင့် မေးခွန်းများကို Database မှ စနစ်တကျ ထုတ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် Test Item Database User Training သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။




ဦးစွာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က NSSA ၏ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်ရာတွင် Chief Assessor နှင့် Assessor များက စစ်ဆေးရေးဆိုင်ရာ စာတွေ့/လက်တွေ့ မေးခွန်းများကို Test Item Database မှ ထုတ်ယူသုံးစွဲရခြင်းဖြစ်ပြီး မေးခွန်းဘဏ်တွင် မေးခွန်းများ ထည့်သွင်းခြင်းနှင့် ထုတ်ယူသုံးစွဲခြင်း နည်းစနစ်များကို သင်တန်းသားများအနေဖြင့် သေချာစွာ နာယူမှတ်သားအသုံးချရန်လိုကြောင်း၊ Test Item Database တွင် ထည့်သွင်းထားသည့် မေးခွန်းများကို အရည်အသွေးပြည့်ဝသော မေးခွန်းများဖြစ်စေရေး၊ ခေတ်ကာလနှင့်အညီ မေးခွန်းများကို အဆင့်မြှင့်တင်နိုင်ရေးနှင့် မေးခွန်းများကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်မှု ရှိ၊ မရှိ ဆန်းစစ်လေ့လာ၍ လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

သင်တန်းကို NSSA ရှိ လုပ်ငန်းကဏ္ဍ ငါးခုမှ စစ်ဆေးအကဲဖြတ်သူ သင်တန်းသား ၂၀ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာစည်မြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**သာစည် ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ပြည်သူများ မိုးရာသီတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လိုင်းအပြစ်လျော့နည်းကျဆင်းစေရေး ရည်ရွယ်၍ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ဩဂုတ် ၂၅ ရက်က ဆောင်ရွက်သည်။

**ခုတ်ထွင်ရှင်းလင်း**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်၏ ကြီးကြပ်မှုဖြင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လိုင်းအပြစ်လျော့နည်းကျဆင်းစေရေးအတွက် သာစည်မြို့မခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၁၁ ကေဗွီ ဖီဒါများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊မန္တလေး) တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (သင်ကြား/စီမံ) နှင့် မော်ကွန်းထိန်းဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၊ အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒက တက္ကသိုလ်များ



အုပ်ချုပ်ရေးဗဟိုအဖွဲ့ဝင်အပေါင်းတို့သည် လူ့ဘုံတွင် ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးထဲ၌ ကံတစ်ခုတည်းနှင့် အကျိုးခံစားရသော ဘုံမဟုတ်သည့်အတွက်ကြောင့် သာသနာတော် ထွန်းကားပြန့်ပွားရေးကိစ္စများကို ဆောင်ရွက်ကြသည့်အခါတွင် ဉာဏ်နှင့်စဉ်းစားပြီး ကောင်းမြတ်သော လုံ့လဝီရိယဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **“ဝီရိယဝတော ကိံ နာမကမ္မံ နသိဇ္ဈတိ”** ဆိုသည့်အတိုင်း မပြီးမြောက်နိုင်သော မအောင်မြင်နိုင်သောကိစ္စမည်သည် အဘယ်မှာရှိလိမ့်မည်နည်း၊ ဧကန်မုချ ပြီးမြောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ဝီရိယနှင့်တွဲဖက်၍ ဉာဏ်နှင့်ယှဉ်ပြီးလည်း စည်းလုံးညီညွတ်စွာဖြင့် ကျန်းမာချမ်းသာစွာ ဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းကြောင်း အဖွင့်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၅) ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကိုလည်းကောင်း၊ တက္ကသိုလ်များ ဗဟိုပညာရေးအဖွဲ့ အစည်းအဝေး (၂/၂၀၂၅) တင်ပြချက်များကိုလည်းကောင်း လျှောက်ထားသည်။

ဆက်လက်၍အစည်းအဝေးသို့တက်ရောက်လာသည့်ဆရာတော်များနှင့် ပညာရှင် လူပုဂ္ဂိုလ်များက တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၂၅)နှင့်ပတ်သက်သည့်ကိစ္စရပ်များကို ဆွေးနွေး၍ ဆုံးဖြတ်ချက် ၁၁ ချက်နှင့် မှတ်တမ်းတင်ခြင်း တစ်ရပ်တို့ကို ချမှတ်အတည်ပြုခဲ့ပြီး သဘာပတိဆရာတော်က ဘုရားရှင်၏ သာသနာတော်နှင့်တွေ့ကြုံပြီး သဒ္ဓါတရား၊ စေတနာတရားစသောကောင်းမြတ်သည့်တရားတော်နှင့် ပြည့်စုံကြသောကြောင့် ဗုဒ္ဓဘာသာ၏တရားများကို သိရှိခွင့်၊ သင်ကြားခွင့်၊ ပြန်လည်ပို့ချခွင့်များ ရခဲ့ကြကြောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တိုးတက်စည်ပင်ပြီး ပညာရှင်ပညာတတ်ရဟန်းတော်များ ပေါ်ထွန်းလာအောင် ကြီးမားသောပညာသတိ သမာဓိဖြင့် ဆောင်ရွက်ကြစေလိုကြောင်း နိဂုံးချုပ်ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် အစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး ပြည်ထောင်စုဝန်ကြီးက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏတိုးမြှင့်ရေး ဆွေးနွေး



ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ထုတ်လုပ်ထားသည့် ပစ္စည်းနမူနာပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခု၊ စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခု၊ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုနှင့် ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခု အတည်ပြုပေးခဲ့ပြီး ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း၊ ဆန်ဖွဲ၊ ဆန်ကွဲသန့်စင်ခြင်း၊ အရောင်တင်ခြင်းနှင့် တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ ဆန်ကြိတ်ခွဲ ဖွပ်ချောသန့်စင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ် ၉၄၆၆ ဒသမ ၅၉၀ သန်းနှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၀၉၅ သန်းဖြစ်ပြီး ၅၀၀၂ ဦးအတွက် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း တိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ဇွဲထက်ကို (ပြန်/ဆက်)**

# (၂၁) ကြိမ်မြောက် အာဆီယံဟာလာအစားအစာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပသည့် (၂၁) ကြိမ်မြောက် အာဆီယံဟာလာအစားအစာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေး (21st Meeting of the ASEAN Working Group on Halal Food) ကို ယနေ့နံနက် ၈ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးကော်မတီ (နေပြည်တော်နှင့် ရန်ကုန်)မှ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတိုးမင်းထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။




အစည်းအဝေးတွင် အာဆီယံဟာလာ အစားအစာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အရ ဟာလာအစားအစာများအတွက် အာဆီယံအဆင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ တရားဝင်အသိအမှတ်ပြုခြင်း အစီအစဉ်ဆိုင်ရာ စီမံချက်အဆိုပြုလွှာ၏တိုးတက်မှုအခြေအနေ၊ ဟာလာအစားအစာများတွင် အနံ့၊ အရသာအတွက် ထည့်ရသောပစ္စည်းများအား မှတ်ပုံတင်ခြင်းနှင့် အာဆီယံဟာလာအစားအစာ Website တည်ထောင်ထားမှုဆိုင်ရာလုပ်ငန်းတိုးတက်မှုအခြေအနေများ၊ အာဆီယံဟာလာအစားအစာဆိုင်ရာ အထွေထွေလမ်းညွှန်ချက်များကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းရင်းနှီးချစ်ကြည်စွာ ညှိနှိုင်းဆွေးနွေးသဘောတူခဲ့ကြသည်။

အာဆီယံဟာလာအစားအစာဆိုင်ရာ လုပ်ငန်းအဖွဲ့ကို ၂၀၀၀ ပြည့်နှစ်တွင် အာဆီယံအတွင်း ဟာလာအစားအစာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ အာဆီယံစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ အစည်းအဝေး (AMAF) အောက်တွင် တည်ထောင်ဖွဲ့စည်းခဲ့ကာ လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို နှစ်စဉ်အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျအိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် (၁၁) ကြိမ်မြောက် အာဆီယံဟာလာအစားအစာဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုအခါ (၂၁) ကြိမ်မြောက် အာဆီယံဟာလာ အစားအစာဆိုင်ရာလုပ်ငန်းအဖွဲ့ အစည်းအဝေးကို အိမ်ရှင်အနေဖြင့် ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူတွေရဲ့ ပျော်ရွှင်ချမ်းမြေ့မှုတွေကို ဖျက်ဆီးတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီ

ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူတွေ အလွယ်တကူ လည်ပတ်လေ့လာ အပန်းဖြေစရာနေရာတွေ မြန်မာပြည်မှာ အမြောက်အမြားရှိပါတယ်။ အဲဒီထဲက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရီးစဉ်နဲ့ ခရီးတစ်ဆက်တည်းဖြစ်တဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း) အဝင်က နောင်ချိုမြို့ဟာ ခရီးသွားပြည်သူတွေအတွက် စိတ်ဝင်စားစရာမြို့တစ်မြို့ဖြစ်ပါတယ်။ နောင်ချိုမြို့ကို ရောက်တယ်ဆိုရင် လူသိများထင်ရှားကျော်ကြားတဲ့ တိမ်ပင်လယ်ဆီသွားမလား၊ ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးဆီကိုသွားမလား၊ သွားချင်တဲ့နေရာတွေကို အလွယ်တကူ သွားရောက်လည်ပတ်နိုင်ပါတယ်။ ဒီလိုအပန်းဖြေခရီးတွေဟာ လွန်ခဲ့တဲ့နှစ်တွေက သွားလာနိုင်တာတွေဖြစ်ပြီး အခုအချိန်မှာတော့ ပြည်သူတွေ လုံခြုံစိတ်ချစွာသွားလာနိုင်ဖို့ တပ်မတော်က ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။

**ကိုရေချမ်း**

နောင်ချိုမြို့ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၅၉ ပေမှာ တည်ရှိပါတယ်။ မြောက်ဘက်မှာ သပိတ်ကျင်းမြို့နယ်နဲ့ မိုးကုတ်မြို့နယ်၊ အရှေ့ဘက်မှာ ကျောက်မဲမြို့နယ်၊ တောင်ဘက်မှာ ရပ်စောက်မြို့နယ်နဲ့ အနောက်ဘက်မှာ ပြင်ဦးလွင်မြို့နယ်တွေ ဝန်းရံနေတဲ့ အချက်အချာကျတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်မဲ၊ သီပေါနဲ့ လားရှိုးမြို့တွေကို မန္တလေး-လားရှိုးကားလမ်းနဲ့ဖြစ်ဖြစ်၊ မီးရထားလမ်းနဲ့ဖြစ်ဖြစ် ဆက်သွယ်သွားလာနိုင်တဲ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တဲ့မြို့ဖြစ်ပါတယ်။ အဲဒီဒေသမှာ ဒေသခံပြည်သူတွေ အေးချမ်းပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်နိုင်တဲ့အခြေအနေတွေနဲ့ ခရီးသွားပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့စွာ လာရောက်လည်ပတ်မှုတွေကို ဖျက်ဆီးလိုက်တဲ့သူတွေကတော့ TNLA အကြမ်းဖက်သောင်းကျန်းသူတွေပဲ ဖြစ်ပါတယ်။



TNLA အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဂုတ်ထိပ်တံတား ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

**အေးချမ်းသာယာတဲ့မြို့**

နောင်ချိုဒေသမှာ ရှမ်း၊ ဓနု၊ ဗမာလူမျိုးတွေ အများဆုံးနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ကြကာ ဘာသာတရား အဆုံးအမနဲ့အညီ အေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းဟာ နောင်ချို မြို့ရဲ့ အဓိကစီးပွားရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေး၊ ဓာတ်သတ္တု၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ကြပါတယ်။ နောင်ချိုမြို့ ပတ်ဝန်းကျင်မှာ ရေတံခွန်တွေ၊ ထုံးကျောက်ဂူတွေ၊ သဘာဝသယံဇာတတွေ၊ တောတောင်ရှုခင်းအလှအပတွေ၊ မတူကွဲပြားတဲ့ လူမျိုးစုတွေ၊ သမိုင်းဝင်နေရာတွေ များစွာရှိနေပြီး လမ်းပန်းဆက်သွယ်ရေး လွယ်ကူကောင်းမွန်တဲ့ အတွက်ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားတွေ နှစ်စဉ်လာရောက်လည်ပတ်ကြလို့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားတွေ တိုးတက်စည်ပင်တဲ့ အေးချမ်းသာယာပြီး နေချင်စဖွယ်ကောင်းတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။

ဒီလို အေးချမ်းသာယာပြီး ဖွံ့ဖြိုးမှုမြင့်မားနေတဲ့ နောင်ချိုမြို့ကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၅ ရက်နေ့မှ စတင်ပြီး တအာင်းလက်နက်ကိုင်လို့ခေါ်တဲ့ TNLA နဲ့ PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူတွေက ဖျက်ဆီးလိုက်ကြပါတယ်။ မြို့လုံခြုံရေးကို ဆောင်ရွက်နေတဲ့ တပ်ရင်း၊ တပ်ဖွဲ့တွေကို အင်အားအလုံးအရင်းနဲ့ဝင်တိုက်ပြီး ဒေသခံပြည်သူတွေရဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးတဲ့အပြင် အများပြည်သူပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို လုယက်ယူဆောင်ခဲ့ကြပါတယ်။ ဒေသခံပြည်သူတွေဟာ ဘေးဒုက္ခကြီးစွာနဲ့ နီးစပ်ရာမြို့ရွာတွေမှာရှိတဲ့ ဆွေမျိုးတွေရဲ့ နေအိမ်တွေ၊ ယာယီတိုက်ပွဲရှောင်စခန်းတွေဆီကို မိမိတို့ရဲ့ ပိုင်ဆိုင်မှုတွေကို ထားရစ်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ တပ်မတော်အနေနဲ့ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ကစတင်လို့ အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေးတွေနဲ့ တန်ပြန်တိုက်စစ်တွေ အဆင့်ဆင့်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့အထိ ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းပြီး နောင်ချိုမြို့နဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့ပါတယ်။

**မိုင်းထောင်ဖျက်ဆီး**

တပ်မတော်စစ်ကြောင်းတွေဟာ စစ်ဆင်ရေးကာလ ၁၁ လအတွင်း အသက်ကို ပဓာနမထားဘဲ TNLA အကြမ်းဖက်သောင်းကျန်းသူတွေကို ရှုပ်ရှုပ်ချွံချွံ ပြန်လည်တိုက်ခိုက်ချေမှုန်းခဲ့ရာ နောင်ချိုမြို့နဲ့ ပတ်ဝန်းကျင်တစ်ဝိုက်ကို အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ပြီးနောက် အကြမ်းဖက်သောင်းကျန်းသူတွေဟာ ကျောက်မဲမြို့နယ်ဘက်ကို ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီဖြစ်လို့ နောင်ချိုဒေသခံတိုင်းရင်းသားပြည်သူတွေဟာ မိမိတို့ရဲ့အိမ်နေရာတွေမှာ လုံခြုံစိတ်ချစွာနဲ့ ပြန်လည်နေထိုင်ကြပြီး ပုံမှန်အတိုင်း လုပ်ကိုင်ရှာဖွေစားသောက်နေကြပြီ ဖြစ်ပါတယ်။

နောင်ချိုမြို့ဟာ သာယာလှပပြီး စိတ်ဝင်စားစရာ မြို့တစ်မြို့ဖြစ်တာကြောင့် တည်ငြိမ်အေးချမ်းတဲ့ကာလတုန်းက ခရီးသွားလုပ်ငန်းတွေ အလွန်ဖွံ့ဖြိုးတိုးတက်ခဲ့ပါတယ်။ ကုန်းစံအုပ်စု ဂုတ်ထိပ်ကြိုးဝင်းအတွင်းက ဂုတ်ထိပ်တံတား၊ ဘန့်ဘွေးကျင်းရွာမှ သွားရောက်ရတဲ့ မောင်နံ့ခုနစ်ဖော်ရေတံခွန်၊ နောင်ချိုကြီးရွာအရှေ့ဘက်က နောင်ချိုကြီး တိမ်ပင်လယ်အပန်းဖြေစခန်း၊ မယ်ဟုံကျေးရွာလေ့ဆိပ်က သွားရတဲ့ ဒုဋ္ဌဝတီမြစ်ကျဉ်းပြောင်လျှိုရေကျစခန်းတွေဟာ ခရီးသွားတွေ စိတ်ဝင်စားတဲ့နေရာတွေဖြစ်ပါတယ်။

အခုအချိန်အခါမှာတော့ နောင်ချိုဒေသကို တပ်မတော်က အပြီးတိုင်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ပေးနေပြီဖြစ်လို့ အပန်းဖြေစခန်းတွေ ပြန်လည်ဖွင့်လှစ်ပြီး ခရီးသွားပြည်သူတွေ လာရောက်လည်ပတ်ကြကာ ပြန်လည်စည်ကားလာကြမှာကို မြင်ယောင်မိပါသေးတယ်။ ဒါပေမဲ့ ခရီးသွားတွေစိတ်ဝင်စားတဲ့ ဂုတ်ထိပ်တံတားကြီးကတော့ တံတားကြီးရဲ့ မြောက်ဘက်ခြမ်း ကျောက်မဲမြို့နယ်ဘက်မှာ TNLA အကြမ်းဖက် သောင်းကျန်းသူတွေရှိနေသေးတာမို့ တံတားကြီးကို သွားရောက်လေ့လာဖို့မလွယ်သေးပါဘူး။ အန္တရာယ်ရှိပါတယ်။

ဒီလိုအခြေအနေမှာ ဩဂုတ်လ ၂၄ ရက် နံနက်မှာတော့ ထိတ်လန့်တုန်လှုပ်စရာ စိတ်မကောင်းဖွယ်သတင်းတစ်ခုကို ကြားသိလိုက်ရပါတယ်။ တံတားကြီးကို TNLA အကြမ်းဖက်သောင်းကျန်းသူတွေက မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးလိုက်တဲ့ သတင်းဖြစ်ပါတယ်။ ကျောက်မဲမြို့ဘက်အခြမ်း တံတားရဲ့ ကမ်းကပ်ခုံ (AB–2)၊ တံတားတိုင်အမှတ်(P –16) နဲ့ ကမ်းကပ်ခုံ (AB–2) နေရာတို့အကြား ပေ ၆၀ အရှည်ရှိ တံတားသံပေါင်နေရာတွေ ပျက်စီးသွားတယ်လို့ သိရပါတယ်။

**ရက်စက်ယုတ်မာမှု**

အကြံပက်စက် ရက်စက်ယုတ်မာတဲ့လုပ်ရပ်ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၅ နှစ်တိုင်ရှိခဲ့ပြီး ကမ္ဘာကျော်တဲ့ ဂုတ်ထိပ်တံတားကြီးကို ဖျက်ဆီးလိုက်တာဟာ မြန်မာနိုင်ငံနဲ့ ပြည်သူတွေရဲ့ ဘဝကို ဖျက်ဆီးလိုက်တာနဲ့အတူတူပါပဲ။ ကြွက်မနိုင်၊ ကျီမီးနဲ့ရှို့သလို ဆင်ခြင်တုံတရားမရှိတဲ့ မိုက်မဲတဲ့လုပ်ရပ်လို့ ပြောရမှာဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံး မခံမရပ်နိုင်ဖြစ်ကြလို့ ကန့်ကွက်ရှုတ်ချနေကြတာလည်း တစ်နိုင်ငံလုံးဖြစ်ပါတယ်။

**တစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး အများပြည်သူတွေသုံးစွဲနေတဲ့ ဒီတံတားကြီးကို ဖျက်ဆီးလိုက်တဲ့လုပ်ရပ်ဟာ TNLA နဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ ရက်စက်ယုတ်မာမှုဖြစ်ပါတယ်။**

စာမျက်နှာ ၇ သို့

❖ **တစ်နိုင်ငံလုံးက ဂုဏ်ယူရပြီး အများပြည်သူတွေသုံးစွဲနေတဲ့ ဒီတံတားကြီးကို ဖျက်ဆီးလိုက်တဲ့လုပ်ရပ်ဟာ TNLA နဲ့ PDF အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ ရက်စက်ယုတ်မာမှုဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့ ပြင်းထန်တဲ့လက်တုံ့ပြန်မှုတွေ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ကမ္ဘာကျော်တဲ့ တံတားကြီးကို ဖျက်ဆီးလိုက်တာဟာ ဦးနှောက်မရှိတဲ့ TNLA အတွက် ကမ္ဘာပျက်မဲ့ကိန်းပါပဲ**

❖ **ဂုတ်ထိပ်တံတားကြီးဟာ မန္တလေး - လားရှိုး ရထားလမ်းပေါ်မှာရှိတဲ့ တံတားတစ်စင်းဖြစ်ပြီး နောင်ချိုဘူတာအလွန် ၇ မိုင်အကွာမှာ တည်ရှိပါတယ်။ ၁၈၉၉ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ ၁၉၀၃ ခုနှစ်ရောက်မှ စတင်အသုံးပြုပါတယ်။ ဗြိတိသျှကိုလိုနီဟာ အခြားမီးရထားလမ်း တံတားကြီးတွေလို မြစ်တွေ၊ ချောင်းတွေကို ဖြတ်ကျော်တည်ဆောက်ထားတာမဟုတ်ဘဲ ဂုတ်တွင်းလို့ခေါ်တဲ့ ဒေသမှာ ပေ ၃၀၀ ကျော်မတ်စောက်တဲ့ လျှိုကြီးနှစ်ဖက်ကို ဖြတ်ကျော်တည်ဆောက်ထားတာဖြစ်ပါတယ်။ ဂုတ်တွင်းကြီးထိပ်မှာ တည်ဆောက်ထားလို့ ဂုတ်ထိပ်တံတားလို့ ခေါ်ပါတယ်။ ရှမ်းဘာသာနဲ့ ငုပ်ထိပ်လို့ခေါ်ရာမှ ဂုတ်ထိပ်ဖြစ်လာတယ်လို့ဆိုပါတယ်။ တံတားအရှည် ပေ ၂၂၆၀ ရှိပြီး တံတားကြီးအောက်ခြေရှိ ရေမြောင်းကလေးရဲ့ ရေမျက်နှာပြင်ကတိုင်းတာရင် ပေပေါင်း ၁၁၀၀ မြင့်ပါတယ်။ တံတားဆောက်လုပ်ရာမှာ သံနဲ့သံမဏိ တန်ချိန် ၄၃၁၁ တန်နဲ့ သံမှိုပေါင်း တစ်သန်းကို သုံးစွဲထားပြီး ခဲရာခဲဆစ် တည်ဆောက်ထား**

❒ စာမျက်နှာ ၆ မှ

ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့ ပြင်းထန်တဲ့ လက်တုံ့ပြန်မှုတွေ ဆက်လက်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ ကမ္ဘာကျော်တဲ့ တံတားကြီးကို ဖျက်ဆီးလိုက်တာဟာ ဦးနှောက်မရှိတဲ့ TNLA အတွက် ကမ္ဘာပျက်မဲ့ကိန်းပါပဲ။

ဂုတ်ထိပ်တံတားကြီးဟာ မန္တလေး - လားရှိုး ရထားလမ်းပေါ်မှာရှိတဲ့ တံတားတစ်စင်းဖြစ်ပြီး နောင်ချိုဘူတာအလွန် ၇ မိုင်အကွာမှာ တည်ရှိပါတယ်။ ၁၈၉၉ ခုနှစ်က တည်ဆောက်ခဲ့တာဖြစ်ပြီး ၁၉၀၀ ပြည့်နှစ်မှာ ပြီးစီးခဲ့ပါတယ်။ ၁၉၀၃ ခုနှစ်ရောက်မှ စတင်အသုံးပြုပါတယ်။ ဗြိတိသျှကိုလိုနီဟာ အခြားမီးရထားလမ်းတံတားကြီးတွေလို မြစ်တွေ၊ ချောင်းတွေကို ဖြတ်ကျော်တည်ဆောက်ထားတာမဟုတ်ဘဲ ဂုတ်တွင်းလို့ခေါ်တဲ့ ဒေသမှာ ပေ ၃၀၀ ကျော် မတ်စောက်တဲ့ လျှိုကြီးနှစ်ဖက်ကို ဖြတ်ကျော် တည်ဆောက်ထားတာဖြစ်ပါတယ်။ ဂုတ်တွင်းကြီးထိပ်မှာ တည်ဆောက်ထားလို့ ဂုတ်ထိပ်တံတားလို့ ခေါ်ပါတယ်။ ရှမ်းဘာသာနဲ့ ငုပ်ထိပ်လို့ခေါ်ရာမှ ဂုတ်ထိပ် ဖြစ်လာတယ်လို့ဆိုပါတယ်။ တံတားအရှည် ပေ ၂၂၆၀ ရှိပြီး တံတားကြီးအောက်ခြေရှိ ရေမြောင်းလေးရဲ့ ရေမျက်နှာပြင်ကတိုင်းတာရင် ပေပေါင်း ၁၁၀၀ မြင့်ပါတယ်။ တံတားဆောက်လုပ်ရာမှာ သံနဲ့ သံမဏိ တန်ချိန် ၄၃၁၁ တန်နဲ့ သံမှိုပေါင်း တစ်သန်းကို သုံးစွဲထားပြီး ခဲရာခဲဆစ် တည်ဆောက်ထားပါတယ်။

### မြေလှန်စနစ်အရ

ကမ္ဘာပေါ်မှာ အမြင့်အားဖြင့် ဒုတိယဖြစ်လို့ ဂုတ်ထိပ်တံတားအဖြစ် ကမ္ဘာကျော်ခဲ့တာလည်း ဖြစ်ပါတယ်။ ခရစ်နှစ် ၁၈၉၇ ခုနှစ်မှာ ဗြိတိသျှအစိုးရက မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်းဖောက်လုပ်ရာ မန္တလေးမှ ကွမ်းလုံအထိ မီးရထားလမ်းဖောက်လုပ်ဖို့လည်း လိုအပ်လာတာကို တွေ့ရှိတာကြောင့် ဂုတ်ထိပ်တံတားကို စတင်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဂုတ်ထိပ်တံတားမှာ မန္တလေးမှ ကွမ်းလုံ မီးရထားလမ်းရှိ နောင်ချိုဘူတာအလွန်မှာ မီးရထားမိုင်တိုင်အမှတ် ၄၆၃/၀-၉ ရှိတဲ့ ကျောက်ဂူကြီးအပေါ်ကိုဖြတ်ပြီး တောင်ထိပ်နှစ်ခုကို ဆက်သွယ်ထားပါတယ်။ ဂုတ်ထိပ်တံတားကို မြန်မာပြည်အစိုးရက အမေရိကန်နိုင်ငံ ပင်ဆယ်လ်ဗေးနီးယားနဲ့ မေရီလန်းတံတား ဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းပြီး ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဆောက်လုပ်တဲ့ ကုန်ကျငွေဟာ ထိုခေတ်က ငွေကျပ် ၁၆၉၈၂၀၀ ဖြစ်ပါတယ်။

ဒီတံတားကြီးဟာ နမ္မတူသတ္တုတွင်း တူးဖော်ရေးလုပ်ငန်းရဲ့ သယ်ယူပို့ဆောင်ရေးမှာ အရေးပါပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးကိုလည်း များစွာ အထောက်အပံ့ပြုပါတယ်။ ဒီလိုအကြောင်းတွေကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း မဟာမိတ်တို့ရဲ့ မြေလှန်စနစ်အရ ဂုတ်ထိပ်တံတားကြီး ဖျက်ဆီးခြင်း ခံရဖူးပါတယ်။ ဒါပေမဲ့လည်း သံတိုင်အမှတ် ၂ နှင့် ၅ သာ ပျက်စီးခဲ့ပါတယ်။ အဲဒီနောက် မြန်မာနိုင်ငံကနေ ဆုတ်ခွာပေးရတဲ့ ဂျပန်တွေဟာ တံတားရဲ့ အမြင့်ဆုံးတိုင်တွေဖြစ်တဲ့ သံတိုင်အမှတ် ၉၊ ၁၀၊ ၁၁ နဲ့ ၁၂ တွေကို အောက်ခြေကစလို့ ဗုံးဖောက်ခွဲဖျက်ဆီးခဲ့ပြန်ပါတယ်။ ဒါကြောင့် သံတိုင်အမှတ် ၉ မှာ အနည်းငယ်ပျက်စီးခဲ့ပါတယ်။ အမှတ် ၁၀ နဲ့ ၁၂ တို့ဟာ ပြိုလဲခဲ့ပါတယ်။ အမှတ် ၁၁ ကတော့ အောက်ခြေပြတ်ပေမယ့်လည်း မလဲခဲ့ပါဘူး။ ဒီတိုင်တွေပေါ်ရှိ ပေပေါင်း ၁၂၀ စီရှည်တဲ့ ပေါင်းကူးသံပေါင်လေးခုဟာ မြေပေါ်ကို လျှောကျရပါတယ်။

### မှတ်ကျောက်တင်ဆဲ

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခေတ်မှာ တံတားကြီးကို နိုင်ငံခြားကုမ္ပဏီတွေ ငှားရမ်းပြီး ပြုပြင်ဖို့ စီစဉ်ခဲ့ပေမယ့်လည်း အဲဒီကုမ္ပဏီတွေက တင်ဒါတင်သွင်းတဲ့ အဖိုးနှုန်းဟာ များပြားလှတာကြောင့် မြန်မာနိုင်ငံ မီးရထားဌာနကပဲ ဦးစီးပြီး ပြင်ဆင်ခဲ့ပါတယ်။ အဲဒီပြင်ဆင်တဲ့လုပ်ငန်းတွေကို ၁၉၄၈ ခုနှစ် မေလက စတင်ခဲ့ပေမယ့် ပစ္စည်းရှားပါးပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာကြောင့် ၁၉၅၁ ခုနှစ် ဩဂုတ်လအတွင်းမှသာ ပြင်ဆင်ပြီးစီးခဲ့ပါတယ်။ ပြန်လည်ပြုပြင် တည်ဆောက်ရတဲ့ ငွေကြေးကုန်ကျစရိတ်ဟာ အဲဒီခေတ်ကငွေကျပ် ၃၂ သိန်းခန့် ကုန်ကျပါတယ်။ ဒီတံတားကြီးကို တည်ဆောက်တဲ့ နည်းပညာအဆင့်မြင့်မားမှုနဲ့ သဘာဝပတ်ဝန်းကျင်အလှအပတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားလာတဲ့ တံတားကြီးဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွေမှာ ပါဝင်ခဲ့ပါတယ်။ ယနေ့ထိတိုင် မြန်မာပြည်ရဲ့ အမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံတံတား)လို့ မှတ်ကျောက်တင်ဆဲ ဖြစ်ပါတယ်။

ဂုတ်ထိပ်တံတားကြီးဟာ ကမ္ဘာကျော်ခဲ့သလို မြန်မာပြည်အတွက် တန်ဖိုးကြီးမားတဲ့ တံတားကြီးဖြစ်ပါတယ်။ ယခုအခါ ၁၂၅ နှစ်သက်တမ်းရှိတဲ့ တိုင်အောင် တိုင်းပြည်နဲ့လူမျိုးအတွက် သူ့တာဝန်သူကျေပွန်အောင် ထမ်းဆောင်လျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်နဲ့ လူတို့အန္တရာယ်ကို ကြံ့ကြံ့ခံ ရင်ဆိုင်ရင်း ဆက်လက်အကျိုးပြုနေဆဲဖြစ်ပါတယ်။ ဒီတံတားကြီးကို ခေတ်အဆက်ဆက်အစိုးရတွေက ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးခဲ့ပါတယ်။ ဒီတံတားကြီး အရှည်တည်တံ့ခိုင်မြဲမှသာ တိုင်းပြည်လည်းဂုဏ်ရှိ၊ ပြည်သူတွေအတွက်လည်း အကျိုးရှိမှာ ဖြစ်ပါတယ်။

ဒီတံတားကြီးကို ကာကွယ်စောင့်ရှောက်ပေးခဲ့တဲ့ စစ်ပြန်စစ်မှုထမ်းဟောင်းကြီး တစ်ဦးရဲ့ ပြောစကားကို သတိရမိပါတယ်။ ဂုတ်ထိပ်တံတားကြီးကို ၁၉၇၀-၇၁ ခုနှစ်မှာ လုံခြုံရေးတာဝန်ယူခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီတုန်းက လူစီးတွဲ ၁၂ တွဲ၊ ၁၃ တွဲအထိ ချိတ်ဆက်မောင်းနှင်တဲ့ မီးရထားလာချိန်ဆို ဇလီဖားတုံးခြံခတ်ထားတဲ့ လုံခြုံရေးကင်းကို နေရာယူရတယ်။ ခရီးသွားတွေက ဝတ္ထုစာအုပ်၊ ကာတွန်း၊ ဂျာနယ်၊ သတင်းစာနဲ့ စားစရာတွေ ချပေးခဲ့တာတွေကို သတိရမိပါတယ်။

ဝတ္ထု၊ ကာတွန်းစာအုပ်တွေမှာ လိပ်စာလေးတွေ ထည့်ပေးပြီး ပျင်းရင်စာရေးပါတဲ့၊ မိတ်ဆွေဖြစ်သဘောပေါ့။ အဲဒီလို ချစ်စရာခရီးသွားတွေနဲ့ သူတစ်ပြန်ကိုယ်တစ်လှည့် ဘူတာကို ရထားဆိုက်ပြီဆိုရင် ကိုယ့်ဆီကိုလာမယ့်စာပါနိုးနိုးနဲ့ ဘူတာရုံပိုင်ကြီးဆီကို အပြေးအလွှား သွားမေးရတာလည်း အမောပါပဲ။ တပ်ခွဲရုံးနဲ့ တပ်စုတစ်စုက GE မီးစက်ကုန်းပေါ်က လုံခြုံရေးစခန်း၊ တံတားနှစ်ဖက်ထိပ်မှာ တပ်စိတ်တစ်စိတ်စီ၊ တံတားအောက်မှာ တပ်စုတစ်စု၊ တပ်စုရုံးနဲ့ တပ်စိတ်တစ်စိတ်၊ တံတားဟိုဘက်ထိပ်က ကုန်းမြင့်ပေါ်မှာ တပ်စုတစ်စု အားလုံးပေါင်း တပ်ခွဲတစ်ခွဲဗျ။ ဂုတ်ထိပ်တံတားကြီး ပတ်လည်မိုင်းကွင်းက ကမ္ဘာမှာ အစ္စရေးပြီးရင် ဒုတိယအကြီးဆုံး မိုင်းကွင်းပဲ။ မိုင်းအလုံးပေါင်း ၆၀၀၀ ကျော်ရှိတယ်။ နင်းမိုင်း၊ တိုက်မိုင်း၊ ပဒေသာမိုင်းတွေ အရင်က မိုင်းလမ်းရှင်းခဲ့ဖူးတယ်။ ကျွဲဝင်လို့ ပဒေသာမိုင်းကွဲပြီး ကုန်းစံရွာက ကျွဲခြောက်ကောင် ပွဲချင်းပြီးပဲ။ အတွင်းစည်းသံဆူးကြိုးကို ညဆိုမီးစက်မောင်းပြီး လျှပ်စစ်လွှတ်ရတယ်။ ည ၆ နာရီ၊ နံနက် ၆ နာရီ ဗဟိုအင်ဂျင်နီယာတပ်နဲ့ တွဲဖက်တာဝန်ထမ်းဆောင်ခဲ့ရတယ်။ အချိန်တွေ ကုန်မြန်လိုက်တာ၊ အသက် ၇၀ ကျော်ခဲ့ပြီပဲ၊ ငါနဲ့အတူ သက်တူရွယ်တူတွေ ရှိကြသေးရဲ့လား။ တို့တစ်တွေ တံတားကြီးကို တာဝန်ယူခဲ့တဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ဖူးခဲ့တဲ့သူတွေ ဒီစာကိုဖတ်မိကြရင်ဆိုတဲ့ တံတားလုံခြုံရေးကို တာဝန်ယူခဲ့တဲ့ စစ်ပြန်စစ်မှုထမ်းဟောင်းကြီးရဲ့စကားဟာ လွမ်းဆွတ်ဖွယ်ဖြစ်ပါတယ်။

### နိဂုံးချုပ်ချိန်ရောက်ပြီ

တပ်မတော်သားတွေဟာ အမိမြန်မာနိုင်ငံတော်အတွင်း တောတောင်တွေထဲမှာ နိုင်ငံနဲ့ ပြည်သူအကျိုးအတွက် ဘဝကို ရင်းနှီးပေးဆပ်ပြီး ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပါတယ်။ သူတို့တွေအနက် ဂုတ်ထိပ်တံတားကြီးရဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ကြတဲ့ တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေဟာ ခက်ခဲကြမ်းတမ်းစွာဖြတ်သန်းခဲ့ကြရတာကို တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ပြည်သူတွေ လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်အောင် ခက်ခက်ခဲခဲ ရင်းနှီးတည်ဆောက်ပေးခဲ့ကြတဲ့ တံတားတည်ဆောက်သူတွေ၊ တံတားကြီးလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ပေးခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ ပေးဆပ်မှုတွေဟာ ကြီးမားလှပါတယ်။ ဆင်ခြင်တုံတရားမရှိတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေဟာ အလွယ်တကူ ဖျက်ဆီးလိုက်ကြပါတယ်။ တိုင်းပြည်အတွက် တည်ဆောက်ထားရတဲ့ အဆောက်အအုံတွေကို ဖျက်ဆီးတဲ့ အကြမ်းဖက်သောင်းကျန်းသူတွေ လွတ်လပ်ရေးရပြီးကတည်းက ယနေ့အချိန်အထိ ရှိနေဆဲဖြစ်ပါတယ်။ သမိုင်းဝင်တံတားကြီး မပျက်စီးအောင်၊ အရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးနေတဲ့ တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို လေးစားဂုဏ်ပြုလိုက်ရပါတယ်။ ပြည်သူတွေ ပျော်ရွှင်ချမ်းမြေ့အောင် ဆောင်ကြဉ်းပေးတဲ့ ကမ္ဘာကျော်သမိုင်းဝင် ဂုတ်ထိပ်တံတားကြီး ပျက်စီးအောင် ဖျက်ဆီးလိုက်ကြတဲ့ သောင်းကျန်းသူတွေ နိဂုံးချုပ်ချိန်ရောက်ပြီလို့ ဆိုချင်ပါတယ်။ ။

> မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခေတ်မှာ တံတားကြီးကို နိုင်ငံခြားကုမ္ပဏီတွေငှားရမ်းပြီး ပြုပြင်ဖို့ စီစဉ်ခဲ့ပေမယ့်လည်း အဲဒီကုမ္ပဏီတွေက တင်ဒါတင်သွင်းတဲ့ အဖိုးနှုန်းဟာ များပြားလှတာကြောင့် မြန်မာနိုင်ငံ မီးရထားဌာနကပဲ ဦးစီးပြီး ပြင်ဆင်ခဲ့ပါတယ်။ အဲဒီပြင်ဆင်တဲ့လုပ်ငန်းတွေကို ၁၉၄၈ ခုနှစ် မေလက စတင်ခဲ့ပေမယ့် ပစ္စည်းရှားပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲတာကြောင့် ၁၉၅၁ ခုနှစ် ဩဂုတ်လအတွင်းမှသာ ပြင်ဆင်ပြီးစီးခဲ့ပါတယ်။ ပြန်လည်ပြုပြင်တည်ဆောက်ရတဲ့ ငွေကြေးကုန်ကျစရိတ်ဟာ အဲဒီခေတ်က ငွေကျပ် ၃၂ သိန်းခန့် ကုန်ကျပါတယ်။ ဒီတံတားကြီးကို တည်ဆောက်တဲ့ နည်းပညာအဆင့်မြင့်မားမှုနဲ့ သဘာဝပတ်ဝန်းကျင်အလှအပတို့ကြောင့် ခေတ်အဆက်ဆက် ထင်ရှားကျော်ကြားလာတဲ့ တံတားကြီးဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ်စာရင်းတွေမှာ ပါဝင်ခဲ့ပါတယ်။ ယနေ့ထိတိုင် မြန်မာပြည်ရဲ့ အမြင့်ဆုံးတံတား၊ ကမ္ဘာ့အကြီးဆုံး မီးရထားသံလမ်းတံတား (မြင်းခုံတံတား)လို့ မှတ်ကျောက်တင်ဆဲဖြစ်

## လျှပ်စစ်သုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၇

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Premier Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Zeekr 7X အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Earth Renewable Energy Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Shwe Thway Co., Ltd. မှ တင်သွင်းလာသောတရုတ်နိုင်ငံထုတ် GAC Toyota bZ3X ၊ BYD Sealion 07 နှင့် BYD Song L အမျိုးအစား လျှပ်စစ်သုံးယာဉ်များ၊ Star Capital Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နတ်တလင်းမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နတ်တလင်း ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သာယာဝတီခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းမြတ်စိုး၊ အငယ်တန်း အင်ဂျင်နီယာ-၁ (မြို့ပြ) ဦးရန်အောင်တို့က ရွှေရတီအောင်ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကျွန်းကလေး-ဘွတ်တော- ရင်းတိုက်စမ်း-ညောင်ဝိုင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေးနှင့် QC စစ်ဆေးခြင်းလုပ်ငန်းများကို စနစ်တကျစစ်ဆေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအားအဆောက်အအုံများ စစ်ဆေး၊ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိ

နေပြည်တော် ဩဂုတ် ၂၇

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိသည့် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ဆည်တမံများ၏ ကြံ့ခိုင်မှုနှင့် ဆက်စပ်ရေအား အဆောက်အအုံများအား စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်းကို အရေးပေါ် အခြေအနေကြိုတင် စီမံခန့်ခွဲမှု စီမံချက် (Emergency Preparedness Plan –EPP)ပါ လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ ဆောင်ရွက်လျက်ရှိပြီး ဆည်တမံဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၏ စစ်ဆေးအတည်ပြုချက်များအရ တမံများ၏ ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။




ငလိုက်ရေလှောင်တမံ ကန်ရေပြည့်အမှတ်ရောက်ရှိရန် တစ်ပေခွဲခန့် လိုအပ်နေမှုနှင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိသေးသည့် အခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအနီးရှိ ရေဆင်း ရေလှောင်တမံသို့ သွားရောက်၍ ဝင်ရေသိုလှောင်ထားရှိမှုနှင့် တမံထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ရေဆင်းရေလှောင်တမံအနေဖြင့် လက်ရှိအချိန်တွင် ကန်ရေပြည့်နီးပါး သိုလှောင်ထားရှိပြီး ရေဝေရေလဲဧရိယာအတွင်း အဆက်မပြတ် မိုးရွာသွန်းနေသဖြင့် ပုံမှန်ထိန်းသိမ်းမှုအဖြစ် ရေထိန်းမျှော်စင်မှ ရေဆင်းမြောင်း အတွင်းသို့ ရေထုတ်လွှတ် လျှော့ချခြင်းသာရှိပြီး ရေပိုလွှဲမှ ရေကျော်ကျခြင်း မရှိသေးကြောင်း သိရသည်။

အလားတူ ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ပေါင်းလောင်း ရေလှောင်တမံသို့ ရောက်ရှိစစ်ဆေးကြရာ တာဝန်ရှိသူများက အထက်ပေါင်းလောင်းတမံ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှု၊ ရေဝေရေလဲဒေသအတွင်း မိုးရွာသွန်းမှုနှင့် စီးဝင်ရေပမာဏ၊ နောက်မိုးဆက်လက်ရွာသွန်းနိုင်မှုနှင့် ရေပိုလွှဲမှ စီးထွက်သည့် ရေပမာဏတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိရေသိုလှောင်ထားရှိမှု ပမာဏအရ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုကို စိုးရိမ်ဖွယ်မရှိသော်လည်း သတ်မှတ်ထားသည့် စောင့်ကြည့်ထိန်းသိမ်းရေး လုပ်ငန်းများကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန်နှင့် EPP ပါ လုပ်ငန်းစဉ်များအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ယနေ့နံနက်ပိုင်းတိုင်းထွာချက်များအရ ပေါင်းလောင်းရေလှောင်တမံတွင် မိုးရေချိန် ၃ ဒသမ ၅ လက်မခန့်ရွာသွန်းခဲ့ပြီး အထက်ပေါင်းလောင်းတမံနှင့် ရေဝေရေလဲဒေသများမှ စီးဝင်ရေများကြောင့် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ငါးပေခွဲခန့် ရေကျော်ကျလျက်ရှိကာ အဆိုပါ စီးဆင်းရေများသည် ပေါင်းလောင်းမြစ်နှင့် တစ်ဆက်တည်းဖြစ်သော စစ်တောင်းမြစ်အတွင်း စီးဆင်းလျက်ရှိခြင်းကြောင့် ဒေသအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ရန် မရှိကြောင်းနှင့် နေပြည်တော် ကောင်စီနယ်မြေအတွင်း လက်ရှိဖြစ်ပေါ်နေသော ရေကြီးရေလျှံမှုများသည် မိုးအဆက်မပြတ်ရွာသွန်းနေခြင်းကြောင့် ဒေသအတွင်းရှိ လျှိုမြောင်များမှ စီးဆင်းလာခြင်းဖြစ်ပြီး ယာယီရေကြီးရေလျှံမှုမျှသာဖြစ်သည်။

## ညှိနှိုင်းဆောင်ရွက်

ထိုမှတစ်ဆင့် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းရွာအနီးရှိ ငလိုက်ရေလှောင်တမံသို့ ရောက်ရှိပြီး ယခုနှစ် မိုးရာသီတွင် ဆည်တမံများ ရေပြည့်သိုလှောင်နိုင်မှုအရ လာမည့် ဆောင်းသီးနှံနှင့် နွေသီးနှံများစိုက်ပျိုးခြင်းအတွက် ဧရိယာအလိုက် စိုက်ပျိုးမည့်သီးနှံ၊ ရေလိုအပ်ချက်စသည့် ရေပေးဝေမှုလုပ်ငန်းများ စနစ်တကျ စီမံနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့တူ နံနက်ပိုင်းကလည်း ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တာဝန်ရှိသူများသည် နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့ သွားရောက်၍ ရေဆင်းဧရိယာအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် တမံအတွင်းသို့ စီးဝင်ရေများပြားစွာ ဝင်ရောက်ခဲ့မှု၊ တမံဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ဆင်သေရေလွှဲဆည်သို့သွားရောက်ပြီး ယာယီရေတားတမံ မကျိုးပေါက်စေရေး၊ သဲထုတ်ရေတံခါးများမှ ရေထုတ်လွှတ်မှု၊ ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်းနှင့် ရေပေးအဆောက်အအုံများ ရေကြီးရေလျှံမှုကြောင့် ထိခိုက်မှုလျော့ပါး သက်သာစေရေးအတွက်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ရန်ကုန်-မန္တလေးလမ်းမကြီး ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမပေါ် ရေကျော်နေမှုအခြေအနေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၇

ရန်ကုန်-မန္တလေးလမ်းမကြီး ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းမပေါ် ရေကျော်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ကင်းသာရေထိန်းတမံသို့ ရေဝင်ရောက်နေမှု၊ တမံအပေါ် ရေကျော်မှုမရှိစေရေး သဲအိတ်များဖြင့် ကာရံနေမှုနှင့် ရေလွှဲမြောင်းဖောက်လုပ်ထားမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



## စားသောက်ဖွယ်ရာများ ပေးအပ်

ယင်းနောက် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ ရေဝင်ရောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မကျီးပင်ဘုန်းတော်ကြီးကျောင်း၌ ယာယီရေဘေးရှောင်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ဇေယျာသီရိမြို့နယ် ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံ၌ နေပြည်တော်ကောင်စီ၏ ဦးဆောင်မှုဖြင့် နေပြည်တော် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့နှင့် နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ သွားနှင့်ခံတွင်းအထူးကုဆေးရုံမှ အထူးကုဆရာဝန်ကြီးများက နှုတ်ခမ်းကွဲနှင့် အာခေါင်ကွဲ ကလေးများအား ခွဲစိတ်ကုသပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူသည့် ကလေးငယ်များအား လက်ဆောင်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍ ခွဲစိတ်ကုသပေးသည့် သွားနှင့်ခံတွင်း အထူးကု ဆရာဝန်ကြီးများအဖွဲ့အား ချီးမြှင့်ငွေနှင့် ဂုဏ်ပြုသစ်သီးခြင်းတို့ကို ပေးအပ်ကာ ဆေးရုံအတွင်း Modular House ဖြင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများ စုစည်းသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ဗဟိုမီးသတ်စခန်း၌ သဘာဝဘေး ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် စုဖွဲ့ထားသည့် တပ်ဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံပြီး သဘာဝဘေးဖြစ်ပွားမှုကို အမြန်ဆုံးသတင်းရရှိအောင် ဆောင်ရွက်ရေး၊ ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးဖြစ်စဉ်များ၊ အတွေ့အကြုံများအပေါ် သုံးသပ်ပြီး ကြိုတင်တွက်ဆပြင်ဆင်ထားရှိရေးတို့ကို မှာကြား၍သဘာဝဘေးရှာဖွေကူညီကယ်ဆယ်နိုင်ရေးအတွက် စုဖွဲ့ပြင်ဆင်ထားသည့် စက်ပစ္စည်းများ၊ စက်လှေများ၊ ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပုဗ္ဗသီရိမြို့နယ် သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့က သဘာဝဘေးကူညီကယ်ဆယ်နိုင်ရေးအတွက် စုဖွဲ့ထားသည့် တပ်ဖွဲ့ဝင်များနှင့် သွားရောက်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အေးမြင့်သာယာတံတားတွင် ဆင်သေချောင်းရေစီးဆင်းမှုအခြေအနေ၊ ပင်လောင်းလမ်းဆုံတွင် ကားလမ်းပေါ်ရေကျော်နေမှု အခြေအနေ၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးဘေး လမ်းဘေးရေမြောင်းများတွင် ရေစီးဆင်းမှုအခြေအနေ၊ ကျောက်ချပ်တံတားတွင် ဆင်သေချောင်းရေစီးဆင်းမှုအခြေအနေ၊ ပျဉ်းမနားမြို့နယ် ညောင်ပင်သာ၊ ဈေးကုန်း၊ ဆင်သေလမ်း ရေဝင်ရောက်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

# တောင်ငူခရိုင် သဘာဝဘေးအတွင်း ပျက်စီးဆုံးရှုံးသွားသော လမ်းတံတားများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ငူ ဩဂုတ် ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် တာဝန်ရှိသူများနှင့်အတူ တောင်ငူခရိုင်သဘာဝဘေးအတွင်း ပျက်စီးဆုံးရှုံးသွားသော လမ်းတံတားများကို ယမန်နေ့က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ဇွန် ၁၉ ရက်ညက မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ခပေါင်းချောင်း ရေကြီးမှုဖြစ်စဉ်ကြောင့် ဘန့်ဘွေးပင်-မွေရိုးလမ်းရေတိုက်စား၍ လမ်းတာပြတ်ထွက်မှုကို ယာယီပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ရွာပုကုန်း-ကြို့ကုန်းလမ်းပေါ်ရှိ ကျေးရွာက ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားသောတံတား ရေတိုက်စား၍ တံတားတစ်ခြမ်းနိမ့်ကျပျက်စီးခဲ့ခြင်းနှင့် လမ်းခရီးပြတ်တောက်မှုမရှိစေရေး ယာယီပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတံတားကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် သံကူကွန်ကရစ်တံတား ပေ(၃၀ x ၂၀) တည်ဆောက်ရန် လျာထားဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့နယ်အတွင်းရှိ ရေကြီးရေလျှံဖြစ်ပွားသောနေရာများ ကွင်းဆင်းထောက်ပံ့

**နေပြည်တော် ဩဂုတ် ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးဇေယျာလင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိုးရွာသွန်းမှုများပြား၍ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ မကျီးပင်ကျေးရွာ၌ ရေကြီးရေလျှံဖြစ်ပွားမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစဉ် ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးငွေနှင့် သောက်သုံးရေသန့်၊ ခေါက်ဆွဲခြောက်များကို ထောက်ပံ့ပေးအပ်ပြီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၊ အနော်ရထာရပ်ကွက်၊ နဝင်းချောင်းတံတားနှင့် ကင်းသာတံတား ရေစီးဆင်းမှုအခြေအနေကို ကြည့်ရှုသည်။

ယင်းနောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအစီအမံများကို ပိုမိုဂရုပြု ထည့်သွင်းဆောင်ရွက်ရန် ကမ္ဘာ့နိုင်ငံအားလုံးက အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေကြသည်ဖြစ်ရာ မိမိတို့နိုင်ငံတွင် အလားတူ လိုက်ပါဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန်ရှိသည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု ကြို့တန်း၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့တွင် ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ရွှေတောင်တန်းတောရ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းသို့ ပြည်သူများ ရွှေ့ပြောင်းနေထိုင်ရန် ပြင်ဆင်နေမှု၊ ကျေးရွာများအတွင်းသို့ မြစ်ရေ ဝင်ရောက်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award–AOSWADA) ပေးအပ်ပွဲသို့ တက်ရောက်သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် (၁၂)ကြိမ်မြောက် အာဆီယံ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံနိုင်ငံများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ နေပြည်တော် M–Gallery Hotel ၌ ကျင်းပလျက်ရှိပြီး ယနေ့တွင် တတိယအကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများ (3rd ASEAN Outstanding Social Welfare and Development Award–AOSWADA) ကို ပေးအပ်ခြင်းဖြစ်သည်။

အဆိုပါဆုသည် အာဆီယံနိုင်ငံများရှိ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်နေသော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍရှိအဖွဲ့အစည်းများကိုပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများက အွန်လိုင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ အဖွဲ့အစည်းများက လူကိုယ်တိုင်ဖြင့် လည်းကောင်း တက်ရောက်ကြသည်။

ဆုပေးပွဲတွင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံမှ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ကျင်းပသည့်တတိယကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုများကို အာဆီယံနိုင်ငံ ရှစ်နိုင်ငံမှ အဖွဲ့အစည်း ၁၆ ခုအား ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံမှ AGE Myanmar နှင့် Myanmar Creative University–Myanmar Creative International College (MCU–MCI) တို့က ရရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ကျောဖုံးမှ**

ထိုသို့ ဖြစ်ပေါ်လျက်ရှိရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိမြို့နယ် ရန်ကုန်–မန္တလေး ကားလမ်းဟောင်း ပင်လောင်းလမ်းဆုံအနီး ကားလမ်းမပေါ်နှင့် ပျဉ်းမနားမြို့နယ် ကြို့တန်းကျေးရွာ၊ အင်းသာကျေးရွာ၊ သာယာစုကျေးရွာတို့၌ ရေကြီးရေလျှံမှုများနှင့် ရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူများ ဘေးအန္တရာယ်မရှိစေရန်၊ သွားလာမှု အခက်အခဲမရှိစေရန်နှင့် အဆင်ပြေချောမွေ့စေရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက ဇေယျာသီရိမြို့နယ် ရန်ကုန် – မန္တလေး လမ်းဟောင်း ပင်လောင်းလမ်းဆုံအနီး၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထို့ပြင် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ၊ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များက လူနာတင်ယာဉ်များ၊ ဆေးဝါးပစ္စည်းများ၊ စက်လှေများ၊ ကူညီကယ်ဆယ်ရေး ပစ္စည်းများဖြင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် အသင့်စုဖွဲ့ပြင်ဆင်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## လေပွေလှိုင်းအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ မြန်မာနိုင်ငံ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ကို ဖြတ်ကျော်ခဲ့သော လေပွေလှိုင်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့သည်။ လေပွေလှိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မုတ်သုံလေဖိအားနည်း မြောင်းတန်းအဖြစ် သွယ်တန်းလျက်ရှိသည်။

**မိုး/ဇလ**

**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ၂၀၂၅ ခုနှစ် မိုးနှောင်းကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၂၇**

**၂၀၂၅ ခုနှစ် မိုးနှောင်းကာလသတ်မှတ်ခြင်း**

၂၀၂၅ ခုနှစ် မိုးနှောင်းကာလသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်(မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်) မှစ၍ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိ ဖြစ်သည်။

**မုတ်သုံလေဆုတ်ခွာသည့်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်မှ အောက်ပါအတိုင်း ဆုတ်ခွာသွားဖွယ်ရာရှိသည်–

(က) စက်တင်ဘာ ၁၄ ရက်မှ ၁၉ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၊

( ခ ) စက်တင်ဘာ ၂၀ ရက်မှ ၂၅ ရက်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများ၊

( ဂ ) စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဃ) အောက်တိုဘာ ၂ ရက်မှ ၇ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့များနှင့် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းအား ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ ပိုက်ကျော်ခြင်းအားကစားရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေသော ပဏာမလက်ရွေးစင် Kabaddi အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရန် ခန္ဓာကိုယ်ကြံ့ခိုင်သန်မာမှုရှိစေရန်၊ ယုံကြည်မှုစိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားကစားကြရန် မှာကြားသည်။

ထို့နောက် Sports Hotel ၌ AFC Women's Championship League ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေသည့် I.S.P.E FC အမျိုးသမီးဘောလုံးအသင်းနှင့် တွေ့ဆုံ၍ ကျန်းမာရေးဂရုစိုက်ကြရန်နှင့် အောင်မြင်မှုများရရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင်လည်း ဆက်လက်အောင်မြင်မှုများရရှိအောင် ကြိုးစားကြရန်မှာကြားပြီး အားကစားသမားများ နေ့လယ်စာစားသုံးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ လေ့ကျင့်ရေးခန်းမသို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီးက စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင်ဘိလိယက်နှင့် စနူကာအားကစားသမားများ လက်ရည်စမ်းယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ ဆုများချီးမြှင့်သည်။

ညနေပိုင်းတွင် တာမွေမြို့နယ် ကျိုက္ကဆံဘောလုံးကွင်း(၁)၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော တာတို/တာလတ် အပြေး၊ မာရသွန်၊ လမ်းလျှောက်၊ လှံတံပစ်၊ သံပြားပစ်၊ သံလုံးပစ် ပဏာမလက်ရွေးစင်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်အတွင်းရေးမှူးက စခန်းသွင်းလေ့ကျင့်နေမှု၊ စံချိန်စံနှုန်းရရှိမှု၊ အောင်မြင်မှုရရှိနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နပန်းအားကစားလေ့ကျင့်ရေးရုံသို့ ရောက်ရှိပြီး (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်နေသော ပဏာမလက်ရွေးစင် နပန်းအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံခြားနည်းပြငှားရမ်းလေ့ကျင့်နိုင်ရေး၊ ဒိုင်၊ နည်းပြ သင်တန်းဖွင့်လှစ်ရေး မှာကြားသည်။

သတင်းစဉ်




# ဒဂုံတက္ကသိုလ်၌ တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၇

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း(၂၀၂၃-၂၀၂၇)၊ တတိယနှစ် မဟာဗျူဟာလုပ်ငန်းအစီအစဉ်(၂၀၂၅)၊ မဟာဗျူဟာအစီအစဉ် ၅. ၃. ၁ အရ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်အား နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ရည်ရွယ်၍ “တရားရုံးကဦးဆောင်သော စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲ”ကို ယနေ့နံနက် ၉ နာရီခွဲတွင် ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

## အပြန်အလှန်ဆွေးနွေး

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာက “စေ့စပ်ဖြေရှင်းရေးမိတ်ဆက်” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မွန်သူဇာခင်က “တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးစောမျိုးမျိုးက “စေ့စပ်ဖြေရှင်းရေးစနစ်နှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်း” ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဟောပြောကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ ဖြေဆိုခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

ဟောပြောပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှ တရားရေးအရာရှိများ၊ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး)နှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၇

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကောင်စစ်ရေးရာကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၂၁၄)သင်တန်းဆင်း



ရန်ကုန် ဩဂုတ် ၂၇

စာရေးဝန်ထမ်း သင်တန်း အမှတ်စဉ်(၂၁၄)၏ သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ရှိ စစ်ရေးပြကွင်း၌ ယနေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းတပ်ခွဲက ပါမောက္ခချုပ်အား အလေးပြုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ စာပေထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုရရှိသူများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သင်တန်းဆင်းမိန့်ခွန်း ပြောကြားရာတွင် သင်တန်းသား သင်တန်းသူများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်းများကို သိရှိနားလည်ကြပြီး နိုင်ငံတော်က ပေးအပ်သည့် တာဝန်များကို တက်တက်ကြွကြွ ညီညီညာညာနှင့် အခက်အခဲမှန်သမျှကျော်ဖြတ်ပြီး ရည်မှန်းချက်ရောက်အောင် စည်းစည်းလုံးလုံးဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းလူ့စွမ်းအား အရင်းအမြစ်များအနေဖြင့် ဘက်စုံကျွမ်းကျင်မှုရှိသည့် ဝန်ထမ်းများအဖြစ် တာဝန်ကျေပွန်စွာ ရပ်တည်နိုင်စေရေးနှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပါမောက္ခ(ပညာဌာနမှူး)များ၊ ဆရာ ဆရာမများ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ သင်တန်းသား ၁၁၆ ဦး၊ သင်တန်းသူ ၂၅၀၊ စုစုပေါင်း ၃၆၆ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၁၆ ရက်မှ ဩဂုတ် ၂၇ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆီးချိုသွေးချိုရောဂါက အရှင်းပျောက်ကင်းအောင် ကုသလို့မရတဲ့ နာတာရှည်ရောဂါတစ်မျိုးဖြစ်လို့ ဆီးချိုသွေးချိုကို စနစ်တကျထိန်းထားနိုင်ရင် ရောဂါမရှိသူ လူတစ်ယောက်လို ကျန်းကျန်းမာမာနေထိုင်သွားနိုင်မှာ ဖြစ်ပါတယ်

**ပါမောက္ခ ဒေါက်တာသိန်းမြင့်**

**ယနေ့မျက်မှောက်ကာလတွင် လူသားတို့အား ခြိမ်းခြောက်နေသည့် မကူးစက်နိုင်သောရောဂါပေါင်းများစွာရှိသည့်အနက် ဆီးချိုသွေးချိုရောဂါသည် အဖြစ်အများဆုံးရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။**

**တွေ့ဆုံမေးမြန်း**
**မင်းသစ် /သီသီမင်း**

ကမ္ဘာပေါ်တွင် လူဦးရေသန်း ၅၀၀ ကျော်သည် ဆီးချိုသွေးချိုဝေဒနာခံစားနေရပြီး အဆိုပါရောဂါကြောင့် အသက်ဆုံးရှုံးသူများရှိသကဲ့သို့ လူမှုဒုက္ခခံစားနေရသူများလည်း နှစ်စဉ်တိုးပွားလျက်ရှိသည်။

မြန်မာနိုင်ငံ၌လည်း လူဦးရေ ၇ ဒသမ ၉ ရာခိုင်နှုန်းတွင် ဆီးချိုသွေးချိုဝေဒနာကို ခံစားနေရကြောင်း ၂၀၂၄ ခုနှစ် WHO Myanmar STEP Survey စစ်တမ်းများအရ သိရသည့်အတွက် ဆီးချိုသွေးချိုနှင့်ပတ်သက်ပြီး အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဆီးချို သွေးချိုရောဂါအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာသိန်းမြင့် (ဆေးကုသဆောင် (၁) ရန်ကုန်ပြည်သူ့ဆေးရုံကြီး)နှင့် တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်-

**မေး။ ဆီးချိုသွေးချိုရောဂါနဲ့ပတ်သက်ပြီး လေ့လာတွေ့ရှိတာတွေကို သိချင်ပါတယ်။**

ဖြေ။ အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုရောဂါ အသင်းကြီး (International Diabetes Federation) ရဲ့ စစ်တမ်းတွေအရ အသက် ၂၀ ကနေ ၇၉ နှစ်ကြား အရွယ်ရောက်ပြီးသူ ၅၈၉ သန်းဟာ ရောဂါဖြစ်ပွားနေတယ်လို့ ဆိုထားတယ်။ နောက်ပြီး လူကိုးယောက်မှာ တစ်ယောက်ဟာ ဆီးချိုသွေးချို ရောဂါတွေ့ရှိရတယ်ဆိုတဲ့အတွက် ၂၀၅၀ ပြည့်နှစ်မှာ ဝေဒနာရှင် စုစုပေါင်း သန်း ၈၅၀ ကျော် ရှိလာလိမ့်မယ်လို့ ခန့်မှန်းရပါတယ်။ ၂၀၂၄ ခုနှစ် စစ်တမ်းတွေအရလည်း ဆီးချိုသွေးချိုကြောင့် လူဦးရေ သုံးသန်းခွဲခန့် သေဆုံးနေကြတဲ့အတွက် ကိုးစက္ကန့်မှာ တစ်ယောက်နှုန်း သေဆုံးနေတယ်လို့ ပြောနိုင်ပါတယ်။

မြန်မာနိုင်ငံမှာလည်း ၂၀၂၄ ခုနှစ် တစ်နိုင်ငံလုံး လွှမ်းခြုံကောက်ယူခဲ့တဲ့ WHO Myanmar STEP Survey စစ်တမ်းအရ ပြည်သူလူထု ၇ ဒသမ ၉ ရာခိုင်နှုန်းမှာ ဆီးချိုသွေးချိုရောဂါ ရှိနေတာကိုတွေ့ရပါတယ်။ ဒီလိုဆိုတော့ မြန်မာနိုင်ငံရဲ့ ဆီးချိုသွေးချို ဖြစ်ပွားမှုနှုန်းဟာ ကမ္ဘာမှာ ဖြစ်တဲ့နှုန်းထက်စာရင် အနည်းငယ်လျော့နည်းတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ ကနဦး ဆီးချိုလို့ခေါ်တဲ့ Prediabetes က ၁၂ ဒသမ ၃ ရာခိုင်နှုန်း၊ Metabolic Disease ဖြစ်တဲ့ ကိုယ်အလေးချိန်များသူနဲ့ အဝလွန်သူတွေက ၂၆ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ၇ ဒသမ ၈ ရာခိုင်နှုန်း ရှိနေပါတယ်။ ဟော်မုန်းနဲ့ပတ်သက်တဲ့ ရောဂါတွေလည်း အခြားနိုင်ငံတွေနည်းတူ ဖြစ်ပွားနေတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါတွေဟာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍမှာ အလေးထားရမယ့် ကိန်းဂဏန်းတွေပဲ ဖြစ်ပါတယ်။

**မေး။ ဆီးချိုသွေးချိုရောဂါဖြစ်ပွားရတဲ့ အကြောင်းရင်းကို သိချင်ပါတယ်။**

ဖြေ။ ဆီးချိုသွေးချို ရောဂါဖြစ်စေတဲ့ အကြောင်းအရာတွေက အများကြီးပါ။ မွေးရာပါ ဗီဇကြောင့်လည်း ဖြစ်နိုင်သလို မျိုးရိုးလိုက်တာကြောင့်လည်း မိသားစုလိုက်ဖြစ်ပွားတာတွေကို တွေ့ရနိုင်ပါတယ်။ မျိုးရိုးမရှိပေမယ့်လည်း လူတစ်ဦးချင်းရဲ့ အစားအသောက်၊ အနေအထိုင်မှာ ကျန်းမာရေးနဲ့ မညီညွတ်တာတွေ၊ ကိုယ်လက်လှုပ်ရှားမှုနည်းတာ၊ အဝလွန်တာ၊ ဟော်မုန်းအပြောင်းအလဲဖြစ်တာ ဥပမာ - အမျိုးသမီးတွေမှာဖြစ်တဲ့ မျိုးဥအိမ်မှာ ရေအိတ်လေးတွေအများကြီးဖြစ်တဲ့ Polycystic Ovary Syndrome လိုရောဂါမျိုးတွေ၊ ပြီးတော့ ဆီးချိုတက်စေတဲ့ပန်ကရိယ ပျက်စီးတဲ့ရောဂါတွေ၊ ကော်တီစောဟော်မုန်းတွေ အထွက်များတဲ့ Cushing Syndrome လိုရောဂါတွေ၊ ဒီလို အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်ပါတယ်။

အထူးအရေးကြီးတာက အချို့ဆေးတွေကလည်း ဆီးချိုတက်စေနိုင်ပါတယ်။ ဥပမာ - စတီးရွိုက်လို့ခေါ်တဲ့ဆေးတွေဟာ ဆီးချိုတက်စေနိုင်ပါတယ်။ ဒီဆေးတွေကို အချို့သော ရင်ကျပ်ဝေဒနာရှင်တွေ၊ လေးဘက်နာဝေဒနာရှင်တွေ၊ ကင်ဆာဝေဒနာရှင်တွေက လိုအပ်လာရင် မရှောင်လွှဲနိုင်ဘဲ အသုံးပြုကြရပါတယ်။ အမှန်တကယ်လိုအပ်လို့ သုံးတာထက် နီးစပ်ရာဆေးဆိုင်တွေမှာ အကိုက်အခဲပျောက်ဆေးအနေနဲ့ ဆေးသုံးလေးမျိုးစပ်ထားတဲ့ ဆေးတွေကို လွယ်လင့်တကူ ဝယ်သောက်နေကြတဲ့သူတွေလည်း ရှိပါတယ်။ ဒါဟာ ရေရှည်မှာ အန္တရာယ်ရှိနိုင်တဲ့ အလေ့အထဖြစ်လို့ အဲဒီလို မှားယွင်းတဲ့ ဆေးသုံးစွဲမှုတွေကို လျော့ကျလာအောင်လည်း ဝိုင်းဝန်းကြိုးပမ်းရမှာဖြစ်ပါတယ်။

**မေး။ ဆီးချိုသွေးချိုရောဂါ စတင်နေပြီဆိုတာကို သိနိုင်မယ့် လက္ခဏာတွေကို ပြောပြပေးပါ။**

ဖြေ။ ဆီးချိုသွေးချိုရောဂါဟာ စဖြစ်ဖြစ်ချင်း လက္ခဏာတွေ မသိသာတာကြောင့် ရောဂါဖြစ်တဲ့သူတွေ သတိမထားမိတတ်ကြပါဘူး။ အဖြစ်အများဆုံး လက္ခဏာတွေကတော့ ပုံမှန်ထက် ရေငတ်တာ၊ မကြာခဏဗိုက်ဆာတာ၊ ဆီးသွားတဲ့ အကြိမ်ရေ များလာတာ၊ အထူးသဖြင့် ညဘက်တွေမှာ ဆီးမကြာခဏသွားတာ၊ လူကန်းချည့်နေတာ၊ မျက်လုံး အမြင်မကြည်တာ၊ ကိုယ်အလေးချိန်ကျလာတာ၊ အနာတွေ အကျက်နှေးတာ စတာတွေဖြစ်ပါတယ်။ အဲဒီလို လက္ခဏာတွေ ပြလာပြီဆိုရင်၊ တစ်ခုထက်ပိုပြီးခံစားလာရပြီဆိုရင် ဆရာဝန်နဲ့ ပြသတိုင်ပင်ပါ။ ဆီးချိုစစ်ပါလို့ ပြောချင်ပါတယ်။

**မေး။ ဆီးချိုသွေးချိုရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်လို့ရတဲ့ နည်းလမ်းတွေရှိရင် သိချင်ပါတယ်။**

ဖြေ။ ကြိုတင်ကာကွယ်တာကတော့ အကောင်းဆုံးပါ။ စိတ်ဖိစီးမှုကို လျှော့ချပါ။ အတတ်နိုင်ဆုံး ကိုယ်အလေးချိန်ကို ထိန်းပါ။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတွေပြုလုပ်ပေးပါ။ လမ်းလျှောက်ပါ။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအစာတွေ စားသုံးပါ။ ယေဘုယျအားဖြင့် ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းတဲ့ အစားအစာတွေကိုရှောင်ပါ။ ရေဆာရင် ရေသောက်ပါ။ အခုခေတ်မှာ ကျန်းမာရေးအန္တရာယ်တစ်ခုက အချိုရည်ပေါင်းစုံက အလွယ်တကူရရှိနေတဲ့အတွက် အချိုရည်သောက်သုံးမှုများတဲ့သူတွေဟာ အဝလွန်ကဲနိုင်သလို ဆီးချိုဖြစ်ပွားမှုနှုန်းလည်း များပါတယ်။

> **ကြိုတင်ကာကွယ်တာကတော့ အကောင်းဆုံးပါ။ စိတ်ဖိစီးမှုကို လျှော့ချပါ။ အတတ်နိုင်ဆုံး ကိုယ်အလေးချိန်ကို ထိန်းပါ။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတွေ ပြုလုပ်ပေးပါ။ လမ်းလျှောက်ပါ။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ အစားအစာတွေ စားသုံးပါ။ ယေဘုယျအားဖြင့် ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းတဲ့ အစားအစာတွေကို ရှောင်ပါ။ ရေဆာရင် ရေသောက်ပါ။ အခုခေတ်မှာ ကျန်းမာရေးအန္တရာယ်တစ်ခုက အချိုရည်ပေါင်းစုံက အလွယ်တကူရရှိနေတဲ့အတွက် အချိုရည်သောက်သုံးမှုများတဲ့သူတွေဟာ အဝလွန်ကဲနိုင်သလို ဆီးချိုဖြစ်ပွားမှုနှုန်းလည်း များပါတယ်။**



ပါမောက္ခဒေါက်တာသိန်းမြင့်။

အချိုရည်လို့ ဆိုရာမှာ ဓာတ်ဆားရည်တွေလည်း ပါဝင်ပါတယ်။ ရောဂါဝေဒနာကြောင့် လိုအပ်လို့ တိုက်ကျွေးတာမဟုတ်ဘဲ ဓာတ်ဆားရည်ကို အချိုရည်မဟုတ်ဘူးဆိုပြီး အလွယ်တကူ သောက်သုံးတာတွေကလည်း အင်မတန် အန္တရာယ်များပါတယ်။ ဆီးချိုမဖြစ်သေးသူတွေအတွက် ဆီးချိုဖြစ်လာဖို့ အားပေးသလို ဖြစ်ပြီးသားလူတွေအတွက် ဆီးချို ထိန်းသိမ်းရာမှာ အနှောင့်အယှက်ဖြစ်စေပါတယ်။

ဒါတွေအပြင် ကျန်းမာရေးနဲ့ ညီညွတ်အောင် ဆေးလိပ်သောက်သုံးမှုကို ရပ်ဆိုင်းရမယ်။ အရက်နဲ့ပတ်သက်ရင် မသောက်ဖို့နဲ့ သောက်နေတဲ့သူဆိုလည်း ကျန်းမာရေးအန္တရာယ် ဖြစ်နိုင်တဲ့နှုန်း မရောက်အောင် လျှော့ချဖို့လိုအပ်ပါတယ်။ ဒီအချက်တွေနဲ့ လျော်ညီအောင် နေနိုင်ရင်တော့ ဆီးချိုသွေးချိုကာကွယ်မှု လမ်းစဉ်နဲ့ ကိုက်ညီပါတယ်။

**မေး။ ရောဂါဝေဒနာ ခံစားနေရသူတွေအနေနဲ့ ဆီးချိုသွေးချိုကို အကောင်းဆုံး ထိန်းညှိထားနိုင်မယ့် နည်းလမ်းတွေကို ပြောပြပေးပါ။**

ဖြေ။ ဆီးချိုသွေးချိုရောဂါက အရှင်းပျောက်ကင်းအောင် ကုသလို့မရတဲ့ နာတာရှည် ရောဂါတစ်မျိုးဖြစ်လို့ ဆီးချိုသွေးချိုကို စနစ်တကျထိန်းထားနိုင်ရင် ရောဂါမရှိသူ လူတစ်ယောက်လို ကျန်းကျန်းမာမာ နေထိုင်သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လိုက်နာသင့်တဲ့ အချက်တွေရှိပါတယ်။ အဲဒါတွေက ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ပုံမှန်လုပ်တာ၊ အစားအစာကို အချိန်မှန်စားတာ၊ ကိုယ်အလေးချိန် ပုံမှန်ဖြစ်အောင် ထိန်းတာတို့ ဖြစ်ပါတယ်။ ဆေးလိပ်သောက်ခြင်းဟာ ဆီးချိုသွေးချိုရောဂါရဲ့ နောက်ဆက်တွဲရောဂါတွေ ဖြစ်ပွားမှုနှုန်းတိုးစေတဲ့အတွက် ဆေးလိပ်သောက်တာဖြတ်ပါ။ အရက်မသောက်ပါနဲ့။ သွေးချိုပမာဏကို သိစေဖို့ သွေးရဲ့အချိုဓာတ်ကို မှန်မှန်ဖောက်စစ်ပြီး မှတ်တမ်းထားပါ။ ဆီးချိုသွေးချိုအတွက် သောက်နေကျဆေးတွေကိုလည်း ဆရာဝန်ညွှန်ကြားချက်မပါဘဲ မရပ်ပါနဲ့။ အင်ဆူလင်ထိုးရမယ်ဆိုလည်း ညွှန်ကြားချက်အတိုင်းထိုးပါ။ ဆရာဝန်နဲ့လည်း ပုံမှန်ပြသဖို့ လိုအပ်ပါတယ်။

နောက်တစ်ခုက ဆီးချိုသွေးချို ဝေဒနာရှင်တွေအနေနဲ့ သွေးအတွင်း အချိုဓာတ် လွန်ကဲနေပေမယ့် တစ်ခါတစ်ရံ အချိုဓာတ်လွန်ကဲစွာကျဆင်းတာတွေ ဖြစ်တတ်ပါတယ်။ ဗိုက်ဆာတာ၊ ခေါင်းမူးတာ၊ နှလုံးတုန်တာ၊ တုန်တုန်ရီရီဖြစ်တာ၊ ချွေးထွက်များတာ၊ စိတ်တိုတာ၊ ပင်ပန်းနွမ်းနယ်တာအပြင် သတိလစ်တာ စတဲ့ လက္ခဏာတွေဟာ သွေးအတွင်း အချိုဓာတ် လွန်ကဲစွာ ကျဆင်းတဲ့လက္ခဏာတွေ ဖြစ်ပါတယ်။

သွေးတွင်း အချိုဓာတ် အလွန်အမင်း ကျဆင်းတာဟာ ဆီးချိုသွေးချိုဝေဒနာရှင်တွေအနေနဲ့ အရေးကြီးတဲ့အချိန်ဖြစ်တဲ့အတွက် ချက်ချင်းမကုသနိုင်ရင် အသက်အန္တရာယ်စိုးရိမ်ရပါတယ်။ ဒါကိုလည်း အမြဲသတိထားပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်နေဖို့လိုပါတယ်။ ဆေးကုသနေစဉ် ဆီးချိုအတက်အကျ အပြောင်းအလဲထူးခြားရင်၊ ကြာကာလနေထိုင်မကောင်းဖြစ်ပြီး အစားအသောက် အပြောင်းအလဲဖြစ်ရင် မိမိသဘောနဲ့ ဆေးကိုမရပ်ပါနဲ့။ မိမိကို ကုသပေးနေတဲ့ ဆရာဝန်နဲ့ အမြန်ဆုံးပြန်လည်ပြသပြီး အကြံဉာဏ်ရယူပါ။ ဆီးချိုသွေးချိုကို ကောင်းစွာ ထိန်းထားနိုင်မှသာ နောက်ဆက်တွဲ ရောဂါတွေဖြစ်တဲ့ မျက်စိရောဂါ၊ ခြေထောက်မှာ ဖြစ်တတ်တဲ့ရောဂါ၊ အရေပြားရောဂါ၊ သွားနဲ့ ခံတွင်းမှာဖြစ်တဲ့ ရောဂါတွေ ခံစားရမှုကို သက်သာစေမှာဖြစ်ပါတယ်။

**မေး။ ဆီးချိုသွေးချိုရောဂါနဲ့ပတ်သက်ပြီး ဆောင်ရွက်ချက်တွေရှိရင် သိချင်ပါတယ်။**

ဖြေ။ အခု ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့နဲ့ ၂၄ ရက်နေ့မှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်လမ်းညွှန်မှုနဲ့ မြန်မာနိုင်ငံ ဟော်မုန်းရောဂါဗေဒပညာရှင်များအသင်းနဲ့ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါအသင်းတို့ပူးပေါင်းပြီး ဒုတိယအကြိမ်မြောက် နိုင်ငံတကာ ဆီးချိုသွေးချိုနဲ့ ဟော်မုန်းရောဂါ ဆေးပညာညီလာခံကို ရန်ကုန်မြို့ Melia Hotel မှာ ကျင်းပခဲ့ပါတယ်။ အဲဒီညီလာခံမှာ နိုင်ငံတကာ ဆေးပညာရှင်တွေရဲ့ သုတေသနတွေ့ရှိချက်တွေ၊ ကုထုံးတွေကို လေ့လာသိရှိခွင့်၊ ဖလှယ်ခွင့်ရခဲ့ပါတယ်။ ဒါဟာ ဆီးချိုသွေးချိုရောဂါကုသရေးမှာ များစွာ အထောက်အကူပြုပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ဆီးချိုသွေးချိုနဲ့ ဟော်မုန်းရောဂါကာကွယ်ကုသ တိုက်ဖျက်ရေးမှာ ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဟော်မုန်းရောဂါဗေဒပညာရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါတိုက်ဖျက်ရေးစီမံချက်၊ မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်းတို့ ပူးပေါင်းပြီး ကျေးလက်ဒေသတွေအထိ ကွင်းဆင်းဆောင်ရွက်နေတာတွေရှိပါတယ်။

**မေး။ နောက်ဆုံးသတိပေးချက်လေး ပြောပြပေးပါ ဆရာ။**

ဖြေ။ ဆီးချိုသွေးချိုရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ပါ။ မဖြစ်အောင်နေပါ။ ဆီးချိုသွေးချိုရောဂါလက္ခဏာတစ်ခုခုမက တွေ့လာရပြီဆိုရင် အမြန်ဆုံး ဆရာဝန်နဲ့တိုင်ပင်ပြီး ဆေးဝါးကုသမှုခံယူရမယ်။ ညွှန်ကြားချက်တွေ လိုက်နာပါ။ ဆီးချိုသွေးချိုရောဂါဟာ ကုသလို့ ပျောက်ကင်းတဲ့ ရောဂါမဟုတ်တဲ့ နာတာရှည်ရောဂါဖြစ်တဲ့အတွက် ရောဂါဖြစ်လာပြီဆိုရင် လူမှုဒုက္ခတွေ ခံစားရမှာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။ အကျယ်တဝင့် သိရှိလိုတာတွေရှိရင် Myanmar Diabetes Association အမည်နဲ့ ဖွင့်ထားတဲ့ Website နဲ့တကွ အခြားလူမှုမီဒီယာတွေမှာလည်း ဝင်ရောက်လေ့လာလို့ရပါတယ်လို့ ပြောကြားလိုပါတယ်။

**အခုလို ဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

# (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပမည့် ပြိုင်ပွဲအဆင့်နှင့်ဘာသာရပ်များ

(ယမန်နေ့မှအဆက်)

**"မယ်ဒလင်" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဘုံဆောင်မြင့် (ကြိုး)
( ခ ) အန္တရာယ်ကင်း ဂီတာ ဦးစိမ်းမောင် (ကာလပေါ်)
( ဂ ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) မင်္ဂလာသီရိ (ဘွဲ့)
( ခ ) ပွင့်ဦး (ကာလပေါ်)
( ဂ ) နန်းဘုံသီဟာဘွေ (ယိုးဒယား)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဝေဘာဂီရိ (ကြိုး)
( ခ ) ဝိဇ္ဇာတောလား (ယိုးဒယား)
( ဂ ) မေတ္တာဖြန်းမှလန်းဆန်းမယ် (ကာလပေါ်)

**"ဂီတာ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆန်းနွေဦး (ယိုးဒယား)
( ခ ) ဂုဏ်မြင့်သူ (ကာလပေါ်)(ပြည်လှဖေ)
( ဂ ) ဘုံဆောင်မြင့် (ကြိုး)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
( ခ ) စံပယ် (ကာလပေါ်)
( ဂ ) သီလာမြေယံ (ကြိုး)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) သာယာသာယာ (ကြိုး)
( ခ ) အိုလျှံညီးလင်း (ယိုးဒယား)
( ဂ ) ချစ်နှင်းမှုံမှုံ (ကာလပေါ်)

**"ဒုံမင်း" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) နှလုံးသားကိုအလှဆင်မယ် (ကာလပေါ်)
( ခ ) ဘုန်းမိုးရွာစွေသွန်းဖြန်း (ကြိုး)
( ဂ ) မြိုင်ကြီးဟေမာ (ယိုးဒယား)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆန်းဆန်းသဇ္ဇာကြာညောင် (ယိုးဒယား)
( ခ ) အနန္တငါးဖြာ (ကာလပေါ်)
( ဂ ) ဝေဇယန်နှင့်နှန်းပြေး (ကြိုး)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
( ခ ) မဟာဇနက (ကာလပေါ်)
( ဂ ) မြိုင်ဟေမာ (ယိုးဒယား)

**"ဆိုင်းတစ်ဦးချင်း"ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်လျာထားသည့် တေးသီချင်းများ**

၁။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
( ခ ) မြန်မြေနယ်ဇမ္ဗူဘောင် (မြင်းခင်း)
( ဂ ) ကုဏ္ဍလာ (ယိုးဒယား)

၂။ **အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) တောဟေဝန်လယ် (ယိုးဒယား)
( ခ ) ယမုန်နာ (ပတ်ပျိုး)
( ဂ ) မင်းလမ်းစပ်ကာ (ကြိုး)

၃။ **အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
(က) ရွှေဘုန်းရွှေဘုန်း (ကြိုး)
( ခ ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
( ဂ ) မြမန်းဂီရိ (ယိုးဒယား)

## တနင်္သာရီတိုင်းဒေသကြီး၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ထားဝယ် ဩဂုတ် ၂၇

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာပြည်မှာ စာပဒေသာ ဝေဆာစေရမည်" သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြား၍ လူငယ်စာပေဆွေးနွေးပေးသော စာရေးဆရာမ နုနှင်းသစ်နှင့် ကျောင်းသား ကျောင်းသူ လေးဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ပြီး ကျပန်းစကားပြောပြိုင်ပွဲ(အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးအား ဆုချီးမြှင့်ပေးအပ်သည်။

ထို့နောက် စာစီစာကုံး(အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ စာဖတ်စွမ်းရည် ( အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ စာစီစာကုံး (အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦး၊ ပုံပြင်ပြောပြိုင်ပွဲ(မူလတန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူ ငါးဦးတို့အား တိုင်းဒေသကြီးဝန်ကြီးများက ဆုများပေးအပ်ချီးမြှင့်သည်။



ယင်းနောက် တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပညာရေးညွှန်ကြားရေးမှူးတို့က ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ဆက်လက်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူးက အလှူငွေကျပ်သိန်း ၂၀၊ ကျောင်းအကျိုးဆောင်က အလှူငွေကျပ် ၁၅ သိန်းနှင့် အထက(၅) ကျောင်းစာကြည့်တိုက်အတွက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် ဆုရရှိသောကျောင်းသူတစ်ဦးက ပြိုင်ပွဲဝင်ခေါင်းစဉ်များဖြင့် ပြန်လည်၍သရုပ်ပြပြီး ရမ္မဇူကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဖူးပွင့်ဝေစည် အနာဂတ်ဆီ" သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" သီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## စစ်ကွင်းမြို့၌ တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခြင်းနှင့် လူရည်ချွန်ဂုဏ်ပြုပွဲကျင်းပ

မင်းလှ ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် Grade-12 လူရည်ချွန်ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့က အထက(စစ်ကွင်း) ရွှေရတုခန်းမ၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အမှာစကားပြောကြားပြီ မြို့နယ်ပညာရေးမှူး ဒေါ်ကြည်ကြည်ချိုက ပညာရေးကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲ



ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြပြီး Grade-12 လူရည်ချွန်ဆုရရှိသည့် မထက်ထက်အောင်အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ စွန့်ပစ်ပစ္စည်းအမျိုးအစားခွဲခြားစွန့်ပစ်ခြင်းသရုပ်ပြ

ရွှေပြည်သာ ဩဂုတ် ၂၇

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ်၌ ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ စွန့်ပစ်ပစ္စည်းအမျိုးအစားခွဲခြားစွန့်ပစ်ခြင်း အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေပြည်သာမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးက မူးယစ်ဆေးနှင့် လူငယ်များအကြောင်း၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးမှ လက်ထောက် အုပ်ချုပ်ရေးမှူး ဦးကျော်သူထွေးက အမှိုက်သိမ်းဆည်းခြင်းနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ



လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်ဦးက အမှိုက်ခြောက်၊ အမှိုက်စို၊ ဘေးအန္တရာယ်ရှိအမှိုက်၊ ပလတ်စတစ်အမှိုက်၊ အမှိုက် အမျိုးအစား လေးမျိုးခွဲခြားကာ စနစ်တကျ စွန့်ပစ်ခြင်း၏ ရည်ရွယ်ချက်နှင့် အမျိုးအစား ခွဲခြားစွန့်ပစ်ခြင်းမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား အမှိုက်အမျိုးအစား လေးမျိုးခွဲခြားကာ စနစ်တကျစွန့်ပစ်ခြင်း လက်တွေ့သရုပ်ပြခြင်းနှင့် ပလတ်စတစ် ညစ်ညမ်းမှု အကြောင်းအရာများပါဝင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဉာဏ်ရည်တုနည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကုလသမဂ္ဂလက်အောက် အဖွဲ့အစည်းသစ်တစ်ခု ထူထောင်မည်

ကုလသမဂ္ဂ ဩဂုတ် ၂၇



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ဉာဏ်ရည်တု နည်းပညာဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂလက်အောက် အဖွဲ့အစည်းအသစ်တစ်ခု ထူထောင်ရန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်ကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ဉာဏ်ရည်တု နည်းပညာဆိုင်ရာ ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာသိပ္ပံနည်းကျအဖွဲ့ကို တည်ထောင်ခြင်းနှင့် ဉာဏ်ရည်တု နည်းပညာအပေါ် စီမံထိန်းချုပ်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည့် အစီအစဉ်သည် အဆိုပါ နည်းပညာနှင့်ဆက်စပ်သည့်အန္တရာယ်များကို ဖြေရှင်းရန်နှင့် ၎င်း၏အကျိုးကျေးဇူးများကို အသုံးချရန်အတွက် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ချမှတ်ခဲ့သည့် ကမ္ဘာ့ဉာဏ်ရည်တု နည်းပညာဆိုင်ရာ သဘောတူညီချက်၏ ကတိကဝတ်ကို လိုက်နာခြင်းဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂ လွတ်လပ်သော နိုင်ငံတကာ သိပ္ပံနည်းကျအဖွဲ့သည် နောက်ဆုံးပေါ် ဉာဏ်ရည်တု နည်းပညာဆိုင်ရာ သုတေသနနှင့် မူဝါဒချမှတ်ခြင်းစသည့် အရေးကြီးသော လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ယခုချမှတ်သည့် ပဏာမခြေလှမ်းကို ထောက်ခံပြီး လူသားအားလုံး၏ ကောင်းကျိုးကို ဆောင်ရွက်ပေးမည့် ဉာဏ်ရည်တု တည်ဆောက်ရေး လုပ်ငန်းတွင် ပါဝင်ကူညီရန် သက်ဆိုင်သည့် နိုင်ငံအားလုံးကို တောင်းဆိုပါကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန်– အောင်ကျော်ကျော်

# လာအိုနိုင်ငံတွင် ဒစ်ဂျစ်တယ်ဆိုက်ရောက်မှတ်ပုံတင်စနစ် စတင်စမ်းသပ်

ဗီယင်ကျန်း ဩဂုတ် ၂၇

လာအိုနိုင်ငံတွင် စက်တင်ဘာ ၁ ရက်မှ စတင်၍ ပြည်ပခရီးသွားများအတွက် ဒစ်ဂျစ်တယ်ဆိုက်ရောက်မှတ်ပုံတင်စနစ်ကို စတင်စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ နိုင်ငံတကာခရီးသွားများ ဝင်ရောက်ရာနေရာများဖြစ်သည့် ဝက်ထေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ လန်ပရာဗန် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပက်ဆေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် လာအို–ထိုင်း ချစ်ကြည်ရေးတံတားတို့တွင် ယင်းစနစ်ကို စမ်းသပ်ဆောင်ရွက်မည်ဖြစ်ကြောင်း လာအိုနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၆ ရက်တွင် ပြောကြားသည်။

၎င်းနေရာများသို့ ရောက်ရှိလာသည့် နိုင်ငံတကာခရီးသွားများအနေဖြင့် လာအိုလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် နိုင်ငံတွင်းဝင်ရောက်ခွင့်ပြုရေးအတွက် ကျူအာကုတ်ရရှိရန် မှတ်ပုံတင်ရမည်ဖြစ်သည်။ စမ်းသပ်ဆောင်ရွက်သည့်ကာလပြီးနောက် လာမည့်နှစ်မှစတင်၍ နယ်စပ်ဝင်ပေါက်များတွင် ယင်းစနစ်ကို တရားဝင် စတင်ဆောင်ရွက်မည်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲခြင်းသည် နိုင်ငံတကာခရီးသွားများအတွက် အချိန်ကုန်သက်သာသည့်အကျိုးကျေးဇူးရှိကြောင်း သိရသည်။

ကိုးကား–ဗွီအင်န်အိပ်ပရက်စ်၊ ဘာသာပြန်–စိုးသူရ

# ကုလသမဂ္ဂက ပါကစ္စတန်နိုင်ငံ၏ သဘာဝဘေး စီမံခန့်ခွဲမှုအတွက် အမေရိကန်ဒေါ်လာ ခြောက်သိန်း ပေးအပ်

အစ္စလာမာဘတ် ဩဂုတ် ၂၇

ယခုနှစ် မုတ်သုံရာသီအတွင်း ပါကစ္စတန်နိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် ကုလသမဂ္ဂက အမေရိကန်ဒေါ်လာ ခြောက်သိန်း ပေးအပ်ခဲ့ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ယနေ့ပြောကြားသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် ပါကစ္စတန် နိုင်ငံတစ်ဝန်း၌ ပြည်သူ ၈၀၂ ဦးသေဆုံးပြီး ၁၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ပြည်သူ ၂၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်လျက်ရှိကြောင်း နယူးယောက်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ ဒူဂျာရစ်က ပြောကြားသည်။ ပါကစ္စတန်နိုင်ငံအတွင်းရှိရေဘေးသင့်ပြည်သူများသည် နေစရာ၊ ဆေးဝါးအကူအညီ၊ ငွေကြေးထောက်ပံ့မှု၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ သန့်ရှင်းသောသောက်သုံးရေ၊ ပညာရေးနှင့် ဝန်ဆောင်မှုများ အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အရေးပေါ်လိုအပ်နေကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က ပြောသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

# ဂါဇာ၌ ဖမ်းဆီးခံ ဓားစာခံများ၏ မိသားစုဝင်များက အပစ်အခတ်ရပ်စဲရေးသဘောတူရန် အစ္စရေးအစိုးရအား တောင်းဆို

ဂါဇာစီးတီး ဩဂုတ် ၂၇

ဂါဇာ၌ ဖမ်းဆီးခံထားရသည့် ဓားစာခံများ၏ မိသားစုဝင်များက လက်ရှိဆွေးနွေးလျက်ရှိသည့် အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် အစ္စရေးအစိုးရအား တောင်းဆိုလျက်ရှိသည်။




မိသားစုဝင်များနှင့် ၎င်းတို့၏ထောက်ခံသူများ ပါဝင်သောအဖွဲ့တစ်ဖွဲ့သည် အစ္စရေး၏အကြီးဆုံးစီးပွားရေးမြို့တော် တဲအဗစ်၌ ယမန်နေ့က ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဆန္ဒထုတ်ဖော်မှုတွင် လူပေါင်း ၃၅၀၀၀၀ ကျော် ပါဝင်သည်။ ဟားမတ်စ်အဖွဲ့က ဓားစာခံအချို့လွှတ်ပေးရေးအပါအဝင် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို သဘောတူခဲ့သည်။

သို့သော် အစ္စရေးအစိုးရက ဒေသတွင်း၌ အကြီးဆုံးမြို့ဖြစ်သည့် ဂါဇာစီးတီးကို သိမ်းပိုက်ရန် စီစဉ်လျက်ရှိပြီး ဟားမတ်စ်အဖွဲ့အပေါ် ဖိအားများပေးလျက်ရှိသည်။

ဂျေရုဆလင်မြို့ရှိ အစိုးရအဖွဲ့ဝင်ဝန်ကြီးတစ်ဦး၏ အိမ်ရှေ့တွင်လည်း ပြည်သူများက ဆန္ဒထုတ်ဖော်ခဲ့သည်။ ဝန်ကြီးက အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကို တာဝန်ယူပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၁၅ | ၃၀၃၀ | ၂၉၉၅ | ၂၉၃၀ | ၃၀၃၅ | ၃၀၅၀ | ၃၀၇၀ | ၂၉၉၀ | ၄၅၀၅ | ၃၂၈၀ | ၃၀၀၅ | ၃၀၀၅ | ၃၀၇၅ | ၃၀၄၀ | ၃၀၆၅ | ၃၃၂၀ |
| 95 Ron | ၂၉၉၅ | ၃၁၀၅ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၄၅ | ၃၀၆၅ | ၄၅၆၀ | ၃၃၅၅ | ၃၀၈၀ | ၃၀၈၅ | ၃၁၅၅ | ၃၁၁၅ | ၃၁၄၀ | ၃၃၉၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၀ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၀ | ၂၆၁၀ | - | ၂၉၀၅ | ၂၆၂၅ | ၂၆၃၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၈၅ | ၂၉၄၀ |
| HSD (50 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | ၄၈၃၀ | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |
| HSD (10 ppm) | ၃၁၄၅ | ၃၂၅၅ | ၃၂၂၅ | ၃၁၆၀ | ၃၂၆၅ | ၃၂၈၀ | ၃၂၉၅ | ၃၂၁၅ | - | ၃၅၁၀ | ၃၂၃၀ | ၃၂၃၅ | ၃၃၀၅ | ၃၂၇၀ | ၃၂၉၀ | ၃၅၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၉ |
| 95 Ron | ၂၈၂၄ | ၂၉၁၄ |
| HSD (500 ppm) | ၂၃၈၃ | ၂၄၆၀ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၅၉ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၅၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



# သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ကျောက်ဆည် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားခဲ့သည်။

ထို့နောက်မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများ၊ ခရိုင်ပညာရေးမှူး ဒေါက်တာဥမ္မာကြည်က အခြေခံပညာဦးစီးဌာနအနေဖြင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ပတ်ဝန်းကျင်ဆိုင်ရာ ဆရာကိုင်လက်စွဲစာအုပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် အသိပေးကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၁၄-၅-၂၀၂၅)ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၅ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ)၏ မိုးရာသီဖူဆယ်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဘားအံ ဩဂုတ် ၂၇

ကရင်ပြည်နယ် ဝန်ကြီးချုပ်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပမည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် အခမ်းအနားသို့ တက်ရောက်မည့် ကရင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့ကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ကရင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ တွင် ရရှိသည့် အတွေ့အကြုံများကို မှတ်သားထားပြီး မိမိပြည်နယ်ရှိ လူငယ်များအား ထပ်ဆင့်လက်ဆင့်ကမ်း ပြန်လည်မျှဝေပေးကြစေလိုကြောင်း ပြောကြားပြီး ကရင်ပြည်နယ် လူငယ်ကိုယ်စားလှယ်အဖွဲ့အား ငွေကျပ် ၉၃၈၁၀၀၀ ပေးအပ်ချီးမြှင့်၍ အားပေးစကား ပြောကြားသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့ အမှတ်(၅) ရပ်ကွက်ရှိ ပြည်နယ် ဖူဆယ်အားကစားခန်းမ၌ ကျင်းပသည့် ကရင်ပြည်နယ် အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ) ၏ မိုးရာသီဖူဆယ်အားကစားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် အစိုးရစက်မှုလက်မှုသိပ္ပံ(ဘားအံ) ၏ Civil အသင်းနှင့် Mechanical အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြပြီး အဆိုပါပွဲစဉ်တွင် ပွဲကစားချိန်အတွင်း တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျနေခဲ့ကာ အချိန်ပိုတွင် Mechanical အသင်းက အနိုင်ဂိုးသွင်း၍ သုံးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက ဂိုးသွင်းအများဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများကို ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသော Civil အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသွားသော Mechanical အသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လွိုင်ကော်မြို့၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

လွိုင်ကော် ဩဂုတ် ၂၇

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယမန်နေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တရားသူကြီးများ၊ ခရိုင် တရားသူကြီးများ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး လမ်းညွှန် မှာကြားချက်များကို ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ် တရားရေးဦးစီးမှူး၊ ခရိုင်နှင့် မြို့နယ် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် အမှုထမ်းများအား ထပ်ဆင့်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ် မြို့လှတိုက်နယ်ဆေးရုံသို့ အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ရေတာရှည် ဩဂုတ် ၂၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှတိုက်နယ်ဆေးရုံတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် တောင်ငူပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ယမန်နေ့နံနက်ပိုင်းက ရပ်ရွာနေ့နံနက်ပိုင်းက ရဟန်းရှင်လူပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများ ကွင်းဆင်းကုသပေးခဲ့ကြသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် တောင်ငူခရိုင်ပြည်သူ့ဆေးရုံကြီးမှ အထွေထွေရောဂါ၊ ကလေး၊ ခွဲစိတ်၊ သားဖွား/မီးယပ်၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေး၊ အရေပြား၊ ဓာတ်မှန်၊ ဓာတ်ခွဲ၊ အရိုး၊ စိတ်ကျန်းမာရေးနှင့် နား၊ နှာခေါင်း၊လည်ချောင်းရောဂါ စသည့် ဘာသာရပ် ၁၃ ခုတို့မှ အထူးကု ဆရာဝန်ကြီးများနှင့် ရေတာရှည်မြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ရဟန်းရှင်လူပြည်သူ စုစုပေါင်း ၅၅၂ ဦးတို့အား ဆေးကုသပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဩဂုတ် ၂၇

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ မိသားစုဝင် မှီခိုသူသားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သားသမီးများ၊ စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်ကြည်ညိုလေ့လာကြသည်။ ထို့မှတစ်ဆင့် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**သွားရောက်ဂါရဝပြု**

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြ၍ အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင် ကမ္ပည်းရေးထိုးထားရှိရာ အထိမ်းအမှတ် ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြု အလေးပြုကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# အခွန်အရပ်ရပ်လျာထားချက် ပြည့်မီကျော်လွန်စွာကောက်ခံနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



မော်လမြိုင် ဩဂုတ် ၂၇

မွန်ပြည်နယ် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အခွန်အရပ်ရပ် လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၆ ရက် မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစ္စရုံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက မွန်ပြည်နယ်အတွင်းရှိ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများ၏ တစ်မြို့နယ်ချင်းအလိုက် အခွန်ကောက်ခံရရှိမှုများ၊ အခွန်ထမ်းသစ် ဖော်ထုတ်နိုင်မှုများ၊ အခွန်ကြွေးကောက်ခံရရှိမှုများ၊ သတင်း စာရင်းရရှိမှုအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ အခွန်ပညာပေး ဆောင်ရွက်ထားမှုများကို သိရှိလိုသည့်အတွက် ယနေ့ အစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးများကလည်း မိမိတို့မြို့နယ်အတွင်း မိမိလုပ်ငန်းတာဝန်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ အခက်အခဲများရှိပါက တင်ပြစေလိုကြောင်း၊ မိမိတို့ဘက်မှလည်း တတ်နိုင်သရွေ့ ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဂျွန်စိန်ဂီက အခွန်ထမ်းပြည်သူများ အခွန်ပညာပေးလုပ်ငန်းများကို ဌာနကသတ်မှတ်ပေးထားသည့် သတ်မှတ်ရက်အတိုင်း ဆောင်ရွက်ရန်၊ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရသည့် လုပ်ငန်းငါးမျိုးကို စိစစ်၍ ပျက်ကွက်မှုများကို အရေးယူဆောင်ရွက်ရန်၊ အခွန်ကြွေးသစ်များကို ပထမ(၆)လပတ်ကုန်တွင် အပြေအကျေကောက်ခံရရှိစေရေးတို့ကို ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြို့နယ်အခွန်ဦးစီးဌာနမှူးများက အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်နယ်စီးပွားရေးရာဝန်ကြီးက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ingo PEACE အနေဖြင့် ပူးပေါင်း ပါဝင်သွားမည်

ရန်ကုန် ဩဂုတ် ၂၇

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ingo PEACE အနေဖြင့် အတူတကွ ပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ LOTTE Hotel ၌ ကျင်းပသည့် Myanmar Human Rights Seminar 2025 ဆွေးနွေးပွဲမှသိရသည်။

"အဓိကကတော့ မြန်မာနိုင်ငံကို ငြိမ်းချမ်းတဲ့ နိုင်ငံဖြစ်အောင် အတူတကွပူးပေါင်းဆောင်ရွက်တဲ့ သဘောမျိုးပဲဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုးရှိပါတယ်။ ဒီထဲမှာမှ အမျိုးမျိုးသော လူမျိုးတွေ ရှိကြတဲ့အတွက် ငြိမ်းချမ်းရေးအတွက်ကို တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ်ပြီးတော့ ညှိနှိုင်းဆွေးနွေးကြဖို့ လိုအပ်ပါတယ်။ ဒါဟာလည်း ငြိမ်းချမ်းရေးအတွက် လျှောက်ရမယ့် ဦးတည်ရမယ့် လမ်းကြောင်းပဲဖြစ်ပါတယ်'' ဟု Ingo PEACE ၏ ဥက္ကဋ္ဌ NAKAZAWA HIROYUKI ကမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ယနေ့ပြုလုပ်သည့် Myanmar Human Rights Seminar 2025 ဆွေးနွေးပွဲကို အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်း International Non-government Organization PEACE(ingo PEACE)က ကျင်းပခြင်းဖြစ်ပြီး "လူ့ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးကို ပြန်လည်အဓိပ္ပာယ် ဖွင့်ဆိုခြင်း'' ဟူသော ခေါင်းစဉ်ဖြင့် အထူးဧည့်သည်များကို ဖိတ်ခေါ်ကာ ယနေ့လူ့အခွင့်အရေးနှင့် ပတ်သက်၍ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများနှင့် အနာဂတ်အတွက် မျှော်လင့်ချက်များကို မျှဝေခြင်းဖြင့် ပါဝင်သူများ၏ ဆွေးနွေးမှုများမှတစ်ဆင့် လူ့အခွင့်အရေး၏ အနာဂတ်သစ်ကို အတူတကွဖန်တီးပုံဖော်သွားရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**စိမ်းခက်**

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး စာပေဟောပြောပွဲ ကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၂၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး စာပေဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် လွန်ကောင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မီမီမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး




ဒေါ်ကြူကြူက "လူကုန်ကူးမှုအန္တရာယ်" နှင့်၊ မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့်အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်၊ ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု



ပုသိမ် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ်၊ ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို ပုသိမ်မြို့ အထက(၆)မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက မြန်မာတစ်နိုင်ငံလုံး အမှတ်အများဆုံးထဲတွင် တိုင်းဒေသကြီးမှ ဝိပ္ပံဘာသာတွဲတွင် နှစ်ဦး၊ ဝိဇ္ဇာဘာသာတွဲတွင် လေးဦး စုစုပေါင်းခြောက်ဦးရရှိခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ သိပ္ပံဘာသာတွဲတွင်လည်း နိုင်ငံတော်အဆင့်ဝင်သည့် ထူးချွန်ကျောင်းသားများ ပေါ်ထွက်ရေးအတွက် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ခရိုင်အဆင့် ပထမ၊ ဒုတိယ၊ တတိယနှင့် မြို့နယ်အဆင့် ပထမ၊ ဒုတိယ၊ တတိယဆု၊ နိုင်ငံအဆင့်တွင် ထူးချွန်စွာအောင်မြင်သည့် ကျောင်းသား ကျောင်းသူများ၊ သင်ကြားပေးခဲ့သော ကျောင်းများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် နိုင်ငံကျော်အဆိုတော် သန်းထွန်းလေးနှင့် တေးသံရှင်များ၊ ကျောင်းသား ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ပန်းတနော်မြို့ Global Earth Agro Public Industry Co,.Ltd မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သော ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေပေးအပ်ခြင်းနှင့် ထူးချွန်ကျောင်းသား ကျောင်းသူ ၃၀၀ အား အဆင့်မြင့်ပညာများအား ဘွဲ့ရသည်အထိ ဆက်လက်သင်ကြားနိုင်ရေးအတွက် တစ်လလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လစဉ်ထောက်ပံ့ပေးအပ်ခြင်းအတွက် Global Earth Agro Public Industry Co,.Ltd ဥက္ကဋ္ဌ ဦးဌေးမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ဆက်လက်၍ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ထူးချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ပုသိမ်မြို့ အထက(၅)မှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းသီဆိုဖျော်ဖြေမှုဖြင့် ရုပ်သိမ်းခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ထူးချွန်ဆုရကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁-၉-၂၀၂၅ ရက်မှ ၁၀-၁၀-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)** အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)** အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရွှာင်)** အမှတ်-၈၂၊အင်းကုန်းငါးဆူကျေးရွာအုပ်စု၊အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရွှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



## ညောင်တုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှု ဆောင်ရွက်ပေး

ညောင်တုန်း ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ယနေ့နံနက်ပိုင်းက ချောင်းကြီးတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုများ ဆောင်ရွက်ပေးသည်။

ကျန်းမာရေးကုသမှုဆောင်ရွက်ရာတွင် အထွေထွေရောဂါကုသလူနာ ၁၅၈ ဦး၊ မျက်စိရောဂါကုသလူနာ ၅၅ ဦး၊ အရိုးရောဂါလူနာ ၃၈ ဦး၊ ခွဲစိတ်လူနာ ၄၄ ဦး၊ ကလေးလူနာ ၃၄ ဦး၊ သားဖွားမီးယပ်လူနာ ၂၂ ဦး၊ စိတ်ကျန်းမာရေးစစ်ဆေးသူ ငါးဦး၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးလူနာ ၇၇ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၄ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်(USG)ရိုက်သူ ၃၂ ဦး စုစုပေါင်းလူနာ ၄၇၉ ဦးတို့အား ရောဂါရှာဖွေစစ်ဆေးကုသခြင်းများဆောင်ရွက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ အခမဲ့ဆောင်ရွက်သည်။ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးလှိုင်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဘားအံမြို့၌ စက်ချုပ်နည်းပညာသင်တန်း (ဒုတိယအကြိမ်)သင်တန်းဆင်းပွဲ ကျင်းပ

ဘားအံ ဩဂုတ် ၂၇

ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် စက်ချုပ်နည်းပညာသင်တန်း (ဒုတိယအကြိမ်) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်က နောင်ကမြိုင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကြူကြူလှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင် အဖွဲ့ခေါင်းဆောင်က သင်တန်းထွက်ကုန်ချောပစ္စည်းများကို ချီးမြှင့်ပေးအပ်သည်။



အဆိုပါ စက်ချုပ်နည်းပညာသင်တန်း(ဒုတိယအကြိမ်)တွင် သင်တန်းသူ ၁၀ ဦးဖြင့် ဩဂုတ် ၁၁ ရက်မှ ၂၅ ရက်အထိ စာတွေ့လက်တွေ့ဖြင့် ၁၅ ရက်ကြာ သင်ကြားပို့ချခဲ့ပြီး ထူးချွန်သင်တန်းသူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၇

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# တောင်ကြီးမြို့၌ လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း

**တောင်ကြီး ဩဂုတ် ၂၇**

ရှမ်းပြည်နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေသည့် အသက်(၁၆)နှစ်နှင့် (၁၈)နှစ်အောက်ရှိ ကလေးများကို မိမိဘဝရပ်တည်နိုင်ရန်၊ မိသားစုဝင်ငွေတိုးတက်စေရန်နှင့် အန္တရာယ်ရှိသည့် အလုပ်အကိုင်များတွင် ကလေးအလုပ်သမား ပပျောက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် လူသုံးကုန်၊ အလှကုန်နှင့် တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ လူထုအခြေပြုဇဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးကော်မတီနာယက၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားပြီး လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းမှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းသား သင်တန်းသူများ ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၊ အားကစားဝါသနာရှင်များသည် ဘက်စုံသုံး ပြည်နယ်လေ့ကျင့်ရေးရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားပြီး ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ အကောင်းဆုံး ဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသူများ၊ တတိယဆုရရှိသော ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုတို့ကို ပြည်နယ်ဝန်ကြီးများကလည်းကောင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်ကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်က ပြိုင်ပွဲတွင် ဒိုင်အဖြစ်ဆောင်ရွက်ပေးကြသည့် ဒိုင်အဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပထမဆုရ ရှမ်းပြည်နယ်အသင်းကို ငွေသားဆုနှင့် ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပထမဆုရ ရှမ်းပြည်နယ်အသင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထပ်ဆောင်း ဂုဏ်ပြုငွေကျပ်သိန်း ၁၀၀၊ ရှမ်းပြည်နယ် ဖူဆယ်အောင်နိုင်ရေးကော်မတီက ငွေကျပ်သိန်း ၁၀၀၊ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ငွေကျပ်သိန်း ၅၀၊ ဒုတိယဥက္ကဋ္ဌက ငွေကျပ်သိန်း ၃၀၊ ရွှင်ရယ်တောင်ကြီး ဟိုတယ်က ငွေကျပ်သိန်း ၂၀ တို့ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Telecom International Co.,Ltd. မှ အာမခံအလုပ်သမား ဦးရဲမင်းကိုသည် လုပ်ငန်းတာဝန်ထမ်းဆောင်နေစဉ် သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ဩဂုတ် ၂၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တာဝန်ခံ




အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၊ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး၊ ဦးသိန်းနွဲ့ဦးက ကျောက်တံတားမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော Telecom International Myanmar Co., Ltd. မှ အာမခံအလုပ်သမား ဦးရဲမင်းကို အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၁၅၀၀၀၀၀၀ ကို အာမခံအလုပ်သမား၏ ဇနီးဖြစ်သူ ဒေါ်ဖြိုးဖြိုးအောင်အား အလုပ်ဌာနမှ တာဝန်ရှိသူများ၊ လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ၏ ရှေ့မှောက်တွင် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းအား ထုတ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ကျော်(ပြန်/ဆက်)**



# မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်း သရုပ်ပြ

**ရွာင် ဩဂုတ် ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းသရုပ်ပြပွဲကို ဩဂုတ် ၂၅ ရက်မှစ၍ ၂၇ ရက်အထိ ဈေးတန်းရပ်ကွက်ရှိ ဗထူးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆိုင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ဇူဇူပိုင်ဝင်းက (MEVM)မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာကြသော မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

**မိတ္ထီလာ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်းကျင်းပသည့် မြို့ပေါ်ရပ်ကွက်များနှင့် ရှမ်းတဲတိုက်နယ်အတွင်းရှိ ကျေးရွာအုပ်စုကိုးအုပ်စုတို့မှ ဒေသခံပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၆ ရက် နံနက် ၉ နာရီခွဲက သီရိမင်္ဂလာရပ်ကွက် အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်း အခမ်းအနားကို စက်မှုဇုန်ခန်းမတွင် ကျင်းပရာ မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ခိုင်နွယ်က မြန်မာအီလက်



ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် မဲပေးပုံ၊ မဲပေးနည်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားခဲ့ပြီး သရုပ်ပြပွဲသို့ တက်ရောက်လာသော ရှမ်းတဲ၊ ဇောင်းချမ်းကုန်း၊ ဆည်ကုန်း၊ လျှော်ဖြူကန်၊ ကဖြူညောင်ကန်၊ ကန်သာ၊ ကျောင်းရွာ၊ မကျီးစုကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**




# လပွတ္တာမြို့နယ်အတွင်းရှိ ဈေးဆိုင်များ၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်

**လပွတ္တာ ဩဂုတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ယနေ့ မွန်းလွဲ ၁ နာရီက လပွတ္တာမြို့နယ်အတွင်းရှိ ဖုန်းနှင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစိမ်းကိုကိုနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့ ပူးပေါင်း၍ လပွတ္တာမြို့ အမှတ်(၅)ရပ်ကွက်ရှိ ဖုန်းနှင့် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၌ မီးဘေးလုံခြုံမှုရှိစေရန်အတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်ရရှိရေး ဆောင်ရွက်သွားရန်၊ မီးချိတ်မီးကပ်များ၊ မီးသတ်ဆေးဘူးများ စနစ်တကျထားရှိရေးနှင့် မီးလောင်မှု၊ မီးလန့်မှုများဖြစ်ပွားလာပါက အမြန်ဆုံးငြိမ်းသတ်နိုင်ရေး အပေါ့စားမီးသတ်စက်ထားရှိရေး၊ လျှပ်စစ်မီးကြိုးများ၊ ဝိုင်ယာကြိုးများ စနစ်တကျထားရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်မည့် ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

စစ်တွေ ဩဂုတ် ၂၇

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ် မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြု လူငယ် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဖိုရမ်ကို သွားရောက်ဆွေးနွေးကြမည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးပွဲတွင် လေ့လာခဲ့ရသည်များကို မိမိဒေသ၊ မိမိပြည်နယ်တွင်ပြန်လည်အသုံးချနိုင်အောင်စနစ်တကျလေ့လာမှတ်သားစေလိုကြောင်း၊ ပြန်ရောက်လာသည့်အခါ ဘဝတူလူငယ်လူရွယ်များကို ဗဟုသုတများ ပြန်လည်မျှဝေပေးရန် အစီအစဉ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မိမိပြည်နယ်၊ မိမိဒေသဂုဏ်ဆောင်ရမည့်သူများဖြစ်သည့်အတွက် အပြောအဆို၊ အနေအထိုင်၊ အပြုအမူများကို ဂုဏ်သိက္ခာရှိရှိ ပြောဆိုနေထိုင် ဆွေးနွေးကြရန်ပြောကြားသည်။

ထို့နောက် ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသက်ထွန်းက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က လူငယ်များအတွက် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လူငယ်များ၏ တင်ပြချက်များအပေါ် ဖြည့်စွက်အကြံပြုဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့တက်ရောက်မည့် လူငယ်မောင်မယ်များနှင့် ဖိုရမ်အတွက် သင်ခန်းစာပို့ချပေးကြသူ ဆရာ ဆရာမများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဘိုကလေးမြို့နယ်ရှိ ဆန်စက်များအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ဘိုကလေး ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်း၍ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ကြသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံများ၌ မီးဘေးလုံခြုံရေးအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများ ထားသိုမှု၊ လျှပ်စစ်မီးသွယ်တန်းသုံးစွဲမှု အခြေအနေကို စစ်ဆေးဆောင်ရွက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ မီးဘေးလုံခြုံရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ရှားရမည့်အချက်များကို ဆွေးနွေးအသိပညာပေးခဲ့ကြကြောင်း သိရသည်။

**မိုးဟိန်းထက်**





# မြန်အောင်မြို့နယ်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ် သရုပ်ပြ

မြန်အောင် ဩဂုတ် ၂၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက သပြေကုန်းကျေးရွာအုပ်စု အခြေခံပညာအလယ်တန်းကျောင်း ညောင်တေး၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်အောင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲအောင် စီမံလမ်းညွှန်မှုဖြင့် သပြေကုန်းနယ်မြေ မီးသတ်စခန်း လက်ထောက်မီးသတ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လက်ထောက်မီးသတ်ဦးစီးမှူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာများကို အသိပညာပေးဟောပြောသည်။ ထို့နောက် နယ်မြေမီးသတ်စခန်း သန္ဓေ၊ အရန် မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၁၈ ဦးအား လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ သွားကျန်းမာရေး စစ်ဆေးကုသပေး

ရန်ကုန် ဩဂုတ် ၂၇

ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ပြည်သူများအား သွားကျန်းမာရေး စစ်ဆေးကုသပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဒဂုံမြို့သစ်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်၊ သာကေတမြို့နယ် အထူးကုဆေးရုံအုပ်ကြီး (သွားနှင့်ခံတွင်း) ပါမောက္ခ ဒေါက်တာမိုးသီတာထွေး၊ သွားနှင့်ခံတွင်း အထူးကု ဒေါက်တာ မြတ်နွယ်နီဝင်း၊ (တက္ကသိုလ်များ ဆေးရုံ/ရန်ကုန်) မှ ဒေါက်တာ လင်းဖြိုးအောင်နှင့် ဒေါက်တာ ထက်ဩရတို့က ပြည်သူများအား သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာများ ဟောပြောဆွေးနွေးခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းများ ဆောင်ရွက်ကြပြီး တယ်လီဗေးရှင်း ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း၊ သွားနှင့်ခံတွင်း အခမဲ့ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**နေမျိုးအောင်(ပြန်/ဆက်)**

❖ **ဆီးဂိမ်းမှ**

အမျိုးသမီးဖူဆယ်အသင်းသည် ယခုနှစ်ဆန်းပိုင်းတွင် အာရှဖလားခြေစစ်ပွဲယှဉ်ပြိုင်ပြီးနောက် ခုနစ်လကျော်အကြာတွင် ပြန်လည်ဖွဲ့စည်းခြင်းဖြစ်ပြီး နည်းပြချုပ်ပါ အပြောင်းအလဲပြုလုပ်ထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ပြည်ပလေ့ကျင့်ရေးခရီးစဉ် သို့မဟုတ် နိုင်ငံတကာခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းတွင် နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ပီရာဆတ်၊ လက်ထောက်နည်းပြအဖြစ် ဦးအောင်အောင်၊ ဒေါ်ဝါဝါခိုင်၊ ဂိုးနည်းပြ ဦးထွန်းထွန်းလတ်၊ ကြံ့ခိုင်ရေးနည်းပြ တာဝမ် (ထိုင်း)၊ ကစားသမားများအဖြစ် ဂိုးသမား-ချောစုစုအောင် (Divine)၊ သရဖီအောင် (YRG)၊ ဆုလှိုင်ဖြိုး၊ သိမ့်စန္ဒာစိုး (ရန်ကုန်စီးတီး)၊ လုဂျာ (Thunder Tigresses)၊ ကစားသမား-ယမင်းလွင်၊ ဖူးပွင့်ခိုင်၊ အေးအေးထွေး၊ နန်းဆိုင်ဘရမ်း၊ နှင်းစန္ဒာလှိုင် (Divine)၊ ယွန်းမီမီလွင်၊ ဆုဝါလွင်၊ ယမင်းသန့်ဇင်၊ ဝတ်ရည်လွင်၊ မေသဂီကြွယ်၊ မေဇင်ဦး၊ ဇင်ငြိမ်းချစ်၊ ထက်နှင်းထွေး၊ မေသက်ပိုင်၊ လွင်လွင်သက်(YRG)၊ ဆွေမာအောင်၊ ဂျူမိုးညီ၊ မီးအက်စတာရွှယ်စင်၊ ဝေဖူးအိမ် (Thunder Tigresses)၊ အေးငြိမ်းနိုင်၊ မိမိဇင်၊ ခင်ပြည့်လင်း၊ အိအိကျော် (အား/ကာသိပ္ပံ)၊ ဇင်မာထွေး (Pacific Sun Far) တို့ ပါဝင်ကြသည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF**

# မိတ္ထီလာမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ပထမအကြိမ်အာဟာရကျွေးမွေးခြင်း ဆောင်ရွက်



မိတ္ထီလာ ဩဂုတ် ၂၇

မိတ္ထီလာမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် အာဟာရကျွေးမွေးခြင်းကို ယမန်နေ့က အလက(လေ့ကျင့်ရေး)၌ ဆောင်ရွက်သည်။

ထိုသို့ ပထမအကြိမ် အာဟာရကျွေးမွေးရာတွင် အလက (လေ့ကျင်းရေး)ရှိ KG ကျောင်းသား ကျောင်းသူ ၁၀၀ အား အာဟာရကျွေးမွေးခြင်းကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဇေယျ၊ မိတ္ထီလာအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးကျော်၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာစုလတ်ထွေး၊ ခရိုင်ပညာရေးမှူး ဒေါ်မော်မော်၊ အလက (လေ့ကျင့်ရေး) ကျောင်းအုပ်ကြီး၊ မိခင်နှင့် ကလေးအသင်းအဖွဲ့ဝင်များနှင့် အလက(လေ့ကျင့်ရေး)ဆရာ ဆရာမများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၇၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဒေါ်ဦးစိန်လှ [၁၁/စတန(နိုင်)၀၁၁၆၂၀]**အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်မှရောင်းချခဲ့ပြီး ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံး ဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးဇော်မိုးအောင်[၁၂/သလန(နိုင်)၀၀၀၀၄၇]**က ၎င်းသာလျှင်တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်းဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် **ဦးသက်ပိုင်ဦး၊ ဒေါ်အေးအေးသန်း၊ ဦးမျိုးမင်းဦး၊ ဦးမျိုးမင်းထွန်းနှင့် ဒေါ်ပပအောင်**တို့မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန်(စဥ်–၁၃၄၉၆)[တရားလွှတ်တော်ရှေ့နေ]**
**[LL.B,D.B.L,D.I.L,D.I.P.L,DL–101WIPO(Switzerland)]**
**ဖုန်း –၀၉–၇၉၉၆၆၄၅၅၇၊ ၀၉–၇၈၁၅၃၅၈၂၄၊ ၀၉–၅၀၄၉၁၇၄**
**အမှတ်–၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ။**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၃၄ အိုင်၊ မြေကွက်အမှတ်–၂၁၂/အေ၊ ၀.၀၅၃၄ဧက၊ မြေကွက်တည်နေရာ–အမှတ်–၅၇အေ၊ စက်မှု(၃)လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ဦးသိန်းသန်းဋ္ဌေးမြင့်[၁၂/ဗဟန(နိုင်)၀၇၅၂၉၀] အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးသိန်းသန်းဋ္ဌေးမြင့် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်စပယ်လှိုင်[၁၂/တမန(နိုင်)၀၈၃၄၈၉]မှ မိမိမှလွဲ၍ အခြားတရားဝင်ဇနီးမယား မရှိပါကြောင်း၊ မိမိသာလျှင် တစ်ဦးတည်းအမွေဆက်ခံခွင့်ရှိသူဖြစ်ပါကြောင်း၊ အခြားသောအမွေစား၊အမွေခံ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ မိမိသာလျှင် တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်ကြောင်း ၂၉–၄–၂၀၂၅ ရက် စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၇၇၃)၊ အကျယ်အဝန်း(၄၀' x ၆၀')ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးထွန်းရီ[၁၂/စခန(နိုင်)၀၄၆၃၂၅]အမည်ဖြင့် ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ အလျား (၆၀ ပေ x အနံ ၄၀ ပေ)ရှိသည့်အနက်မှ မြေကွက်အမှတ်–၇၇၃ ဟုခေါ်တွင်သော (အလျား ၆၀ ပေ x အနံ ၁၀ ပေ)ရှိ ပါမစ်မြေအမျိုးအစား၊ (မြေကွက်အမှတ်–၇၇၄ နှင့်ကပ်လျက်ခြမ်း)ရှိ (၁)ထပ်သွပ်မိုး ပျဉ်ထောင်အိမ်နှင့် ဒေါ်အိသန္တာမေ အမည်ပေါက် လျှပ်စစ်မီတာ(၁)လုံး၊ ရေစက်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဒေါ်မြစန္ဒာလင်း[၁၂/ဥကတ(နိုင်)၁၇၁၈၉၆]က ၎င်းသာလျှင် အဆိုပါမြေကွက်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာ[၁၂/မရက(နိုင်)၁၆၅၉၀၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်အေးသန္တာ** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၂/မရက(နိုင်)၁၆၅၉၀၆]** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၃၈၁)** |
| | **ဖုန်း–၀၉–၂၅၂၄၁၉၄၉၃** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၅၂

| | | |
|---|---|---|
| ဦးမြင့်အောင် | နှင့် | ဦးဟုတ်စံ |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်(ဘီ/၁၆)၊ အခန်းအမှတ်–၈၀၄နေ ဦးဟုတ်စံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ (၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၅ ရက်)နေ့ မွန်းမတည့်မီ(၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာအုပ်စု၊ မဥ္ဇူလမ်းမ၊ အမှတ်(၄၄)၊ အကျယ်အဝန်း(၃၁x၈၂)ပေရှိ ရွာမြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မာရီမား [၁၂/ဒပန(ပြု)၀၀၂၂၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်[၁၂/ဒဂတ(နိုင်)၁၁၈၄၅၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သဲစုထွေး (LL.B, D.B.L, D.M.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်– ၁၂၁၇၃)**
**အမှတ်(၃၄/၄၉)၊ အခန်း(၁၄)(ပထမထပ်)၊**
**မဟာဗန္ဓုလပန်းခြံလမ်း(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၁၀၂၀၄၁၅၊ ၀၉–၆၇၂၄၄၄၆၅၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် –၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၁၁၆)ဧက၊ မြေကွက်အမှတ် (ဥသ–၂၀၁၂)ဒေါ်ခင်မာမူ၊ (ဘ)ဦးကျော်ဇော၊ အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးလွင်မိုး[၉/မလန(နိုင်)၁၆၄၈၀၁]၊ (ဘ) ဦးခင်မောင်စန်းမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်–၁၅၀၃၅/၂၀၂၂(၂၄–၈–၂၀၂၂)တင်ပြ၍ ဒေါ်မိုးသန္တာဖြိုး[၁၂/ဥကမ(နိုင်) ၁၅၈၈၀၃]၊ (ဘ) ဦးတင်မောင်ဝင်း အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၄၊ လူနေရပ်ကွက်အမှတ်–၁၀၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်–၂၈၊ အကျယ်ပေ(၄၀x၆၀)ရှိ ဒေါ်ခင်မာမာအမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အိမ်မြေ၊ ဆိုင်ခန်းများနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ (၅–၈–၂၀၀၁)ရက်စွဲပါ စာချုပ်ဖြင့် ဝယ်ယူ၍ လူနေအိမ်နှင့်ခြံပေါက်ဆိုင်ခန်းများဆောက်လုပ်၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင်ဖြစ်သော ဦးရဲစိန်[၁၂/အစန(နိုင်)၁၃၀၃၇၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုသင်းမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါအိမ်မြေ၊ ဆိုင်ခန်းများ၏ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ချိုချိုသင်း** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/မဂတ(နိုင်)၀၇၈၂၂၀]** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၇၆၅၂)** |
| | **အမှတ်–၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၅၁၈၉၆၈၉** |

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂ )
## ဒဂုံမြို့သစ်ခရိုင် တရားရုံးတော်
## အလုံခရိုင်တရားရုံး၏
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉ နှင့် ဆက်နွှယ်သည့် ၂၀၂၅ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၉၄

| | | |
|---|---|---|
| ဦးမြင့်ဦး | နှင့် | ဒေါ်နွေးသက်ပိုင်ထူး |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ စည်ပင်လမ်းမကြီးနှင့် မြစ်ပါယ်လမ်းထောင့်၊ အမှတ်(၅၀)၊ အခန်းအမှတ်(A–2)၊ ၃–လွှာနေ ဒေါ်နွေးသက်ပိုင်ထူး (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

အလုံခရိုင်တရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၉ တွင်ကျရှိသည့် ဒီကရီကို အတည် ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်၊ ( ၁၃၈၇ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဉာဏ်လူလင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျုံတာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade –11 တွင် ပညာသင်ကြားနေသော မအေးမြတ်မိုး[၁၄/ဖပန(နိုင်)၃၀၁၀၆၂]၏ ဖခင် အမည်မှန်မှာ ဦးကျော်အောင်(ခ)ဦးခင်လင်းဗိုလ်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနအလင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ G–12 မှ အဖ ဦးချန်လှိုက်[၄/ထတလ(နိုင်)၀၀၂၆၇၂]၏ သမီးဖြစ်သူ မမေရီဆွေး၏ အမည်မှန်မှာ မမေရီဆွီး[၁၂/ဒဂဆ(နိုင်)၀၅၁၅၇၇]ဖြစ်ပါကြောင်း။

**မမေရီဆွီး**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ အထက(ခွဲ) သိမ်ကုန်းကျောင်းမှ (ဘ) ဦးဆာကော်၏ သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/တကန(နိုင်)၀၆၈၁၀၆] ကိုင်ဆောင်သူ ဒေါ်နော်အေးရေဖေါ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၂–၄–၁၉၇၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ် အခြေခံပညာနှင့်စက်မှုစိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းတွင် ဒုတိယအလယ်တန်းပြအဖြစ် တာဝန်ထမ်းဆောင်နေသော (ဘ)ဦးကျော်မြင့်၏ သမီးဖြစ်သူ ဒေါ်ခင်ဆွေဝင်း၏ မွေးသက္ကရာဇ် အမှန်မှာ ၂၉–၁၂–၁၉၆၆ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ မူလွန်–ဘုတရာကျောင်းရှိ (ဘ)ဦးကျော်ထူး၏ သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/တကန(နိုင်)၁၃၄၇၀၆] ကိုင်ဆောင်သူ ဒေါ်လှဲ့လှဲ့ခိုင် (ဒု–လယ်ပြ)၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၃–၁၉၇၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/ကံဘဲ့၊ မြေကွက်အမှတ် ၁၈၉/က၊ ဧရိယာ(၀.၁၅၆)ဧက၊ မြေကွက်တည်နေရာအမှတ်–၁၃၊ အောင်ဇေယျလမ်း၊ ၁၄/ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်သန်းသန်းအေး[၁၂/ရကန(နိုင်)၀၅၀၈၈၇]၊ ဒေါ်ထွေးထွေးလွင်[၁၂/ရကန(နိုင်)၀၅၀၄၆၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်းအေး၊ ဒေါ်ထွေးထွေးလွင်တို့ (၂)ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ အစ်မဒေါ်သန်းသန်းအေးသည် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်(၁)ဦးဖြစ်သူ ညီမလည်းဖြစ်သူ ဒေါ်ထွေးထွေးလွင်[၁၂/ရကန(နိုင်)၀၅၀၄၆၀]မှ အစ်မဒေါ်သန်းသန်းအေး၏ အစုကို မိမိမှအမွေဆက်ခံပိုင်ဆိုင်ပြီး မိမိမှလွဲ၍ အခြားအမွေစားအမွေခံများနှင့်ကိတ္တိမသားသမီးများ မရှိပါကြောင်း ၁၉–၆–၂၀၂၅ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာခြင်းအား တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၅၈၆)၊ ရွှေကံ့ကော်(၄)လမ်း၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀)မြေငှားဂရန် အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဒေါ်အိမွန်နိုင်** [၈/မကန(နိုင်)၁၁၀၉၃၁]အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ **ဒေါ်စန်းစန်းအေး** [၁၂/တမန(နိုင်)၀၂၈၄၅၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းအေး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဥ်–၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၄၃)၊ အကျယ်အဝန်း(၄၀'x ၆၀')ကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသန်းထွန်း[၁၄/ညတန(နိုင်)၀၆၄၈၂၄]အမည်ဖြင့် ထွက်ရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ အလျား ၆၀ ပေ x အနံ ၄၀ ပေရှိသည့် အနက်မှ မြေကွက်အမှတ်–၁၄၃ ဟုခေါ်တွင်သော အလျား ၆၀ ပေ x အနံ ၂၀ ပေရှိ ပါမစ်မြေအမျိုးအစား၊ (မြေကွက်အမှတ်–၁၄၄ နှင့်ကပ်လျက်ခြမ်း)ရှိ ရေစက်မော်တာ၊ ဆိုလာဘက်ထရီအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် လက်ဝယ်ထားရှိ ပိုင်ဆိုင်သူ ဦးဟာဆောင်းနာလီ [၁၂/လသယ(နိုင်)၁၀၉၇၀၆]က ၎င်းသာလျှင် အဆိုပါမြေကွက်အား တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသန္တာ[၁၂/မရက(နိုင်)၁၆၅၉၀၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဒေါ်အေးသန္တာ** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၂/မရက(နိုင်)၁၆၅၉၀၆]** | **တရားလွှတ်တော်ရှေ့နေ(စဥ်–၁၅၃၈၁)** |
| | **ဖုန်း–၀၉–၂၅၂၄၁၉၄၉၃** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့်–၁၊ မြေကွက်အမှတ်(၁၅၄၁)၊ ဟုခေါ်တွင်သည့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်စိုးကြည်အမည်ဖြင့် ချထားပေးသည့် အကျယ်အဝန်း (၄၀ x ၆၀) ပေအကျယ်ရှိ (ပါမစ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးညွန့်(ဘ)ဦးခင်ညွန့်[၁၂/တမန(နိုင်)၀၃၁၉၄၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီနီထွန်း(ဘ)ဦးမောင်မောင်ထွန်း [၉/ပဥလ(နိုင်)၀၂၆၇၉] မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ၎င်းမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက် စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်–၈၉၄၉/၂၀၁၃)** | **(စဥ်–၉၇၃၄/၂၀၁၄)** |
| **၀၉–၄၂၀၅၃၁၀၀** | **၀၉–၄၂၀၅၃၁၀၀** |

**(ရုံးခန်း)သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၂၊မြေကွက်အမှတ်–၂၃၁(ခ)၊ ဧရိယာ(၀.၀၂၇)ဧက၊မြေကွက်တည်နေရာအမှတ်(၂၃၁/ခ)၊မဟာဗန္ဓုလလမ်း၊ (၂)ရပ်ကွက်၊ရွှေပြည်သာမြို့နယ်၊ဦးငွေလှ(S/OKA–၀၀၁၇၃၅)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအားဂရန်မြေအမည်ပေါက်–ဦးငွေလှ(S/OKA–၀၀၁၇၃၅)ဖခင်ဖြစ်သူသည်(၁၁–၆–၁၉၉၉)ရက်နေ့တွင်လည်းကောင်း၊မိခင်ဖြစ်သူဒေါ်ရီသည်(၁၂–၈–၁၉၈၇)ရက်နေ့တွင်လည်းကောင်းအသီးသီး ကွယ်လွန်၍ပိုင်ဆိုင်စာချုပ်အမှတ်–၅၅၄၂(၃–၇–၂၀၂၄)ဖြင့်ပိုင်ဆိုင်သူဒေါ်တင်တင်ဝေ(၁၂/အလန(နိုင်)၀၁၅၅၇၄)၊ဒေါ်မြင့်ဦး(၁၂/အလန(နိုင်)၀၁၅၅၇၇၂) ဒေါ်ခင်ညို(၁၂/အလန(နိုင်)၀၁၅၅၆၉)၊ဦးမောင်လွင်(၁၂/အလန(နိုင်)၀၁၄၀ ၆၀)၊ဒေါ်အေးအေးဝင်း(၁၂/အလန(နိုင်)၀၁၅၅၇၅)၊ဦးဝင်းနိုင်(၁၂/အလန (နိုင်)၀၁၆၀၀၁)တို့မှ၎င်းတို့ပိုင်ဆိုင်လာသောမြေကွက်နှင့်ပတ်သက်သည့်နှစ် (၆၀)ဂရန်မူရင်းမှာ၂၀၀၈ခုနှစ်တွင်ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ပါကြောင်း၊ အထက်ပါမြေကွက်အားအခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှလွှဲပြောင်းရောင်းချထားခြင်း၊ပေါင်နှံထားခြင်း၊ပေးကမ်းထားခြင်း၊စွန့်လွှတ်ထားခြင်း၊လှူဒါန်းထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်းတို့လုံးဝမရှိပါကြောင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါကတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းကျောက်တံတားခရိုင်တရားရုံး၏ကျမ်းကျိန်လွှာအမှတ်–၄၆၄၂(၂၃–၁၀–၂၄)၊ပိုင်ဆိုင်စာချုပ်တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားခြင်းအားဂရန်မိတ္တူထုတ်ပေးမည်ဖြစ်ပါသဖြင့်မြို့မြေစာရင်းတွင်ဂရန်မိတ္တူခွင့်ပြုကြောင်းနှင့်မူလထုတ်ပေးထားသောဂရန်မူရင်းအားပယ်ဖျက်ကြောင်းရုံးတွင်းအမိန့်အမှတ်(၂၀၁၄/၂၀၂၅) (၂၇–၅–၂၅)ဖြင့်မှတ်သားပြီးဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သောင်ကြီးမြောက်(၄)၊ မြေကွက်အမှတ်(၄/၄၉၉-ခ)၊ အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ **ဦးရွှေသီး (MHG-၁၁၈၂၇၈)**အမည်ပေါက်ပါမစ်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ **ဦးညီညီလွင်[၁၂/ဥကမ(နိုင်)၀၆၀၂၅၇]၊ ဒေါ်မြတ်မြတ်ဆွေ [၁၂/အလန(နိုင်)၀၃၄၇၃၅]**တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကစာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်သက်ဝေ ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၁၀၇၈)**
**တိုက်-5/B(304))၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၈၃၂၃၁၇၅၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/ထူပါရုံ)၊ မြေကွက်အမှတ်(၁၅၉၂/က)၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ်(၁၅၉၂/က)၊ ဇင်္ဂမလမ်း၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးထွန်းရီ [၁၂/သကတ(နိုင်)၀၉၄၄၉၃]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးစိုင်းဟတ်မှ တရားလိုပြုလုပ်၍ ဦးထွန်းရီအား တရားပြိုင်ထားကာ သာကေတမြို့နယ်၊ တရားရုံးတရားမကြီးမှုအမှတ်-၁၄၇/၂၀၂၄ဖြင့် ကတိပဋိညာဉ်အတိုင်း ဂရန်အမည်ပေါက်ပြောင်းရန် အရောင်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၁-၃-၂၀၂၅)ရက်စွဲပါ စီရင်ချက် တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၂၉/၂၀၂၅ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၃၀-၄-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်တာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရာတွင် တရားရုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး[၁၂/ဥကတ(နိုင်) ၁၄၈၈၅၇] က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)တွင် တည်ရှိသော အကျယ်အဝန်း (၂၀x၆၀)ပေစီရှိ ပါမစ်မြေအမျိုးအစားမြေကွက်များဖြစ်သော ဒေါ်စိန်ပွင့်အမည်ပေါက်၊ မြေကွက်အမှတ်(၇၈၉/က)၊ ဦးမြင့်ဦးအမည်ပေါက်၊ မြေကွက်အမှတ်(၇၈၉/ခ)၊ ဦးဝင်းဆွေ+ဒေါ်သီတာနိုင်အမည်ပေါက်၊ မြေကွက်အမှတ်(၇၉၀/က)၊ ဦးကျော်မြင့်အမည်ပေါက်၊ မြေကွက်အမှတ်(၇၉၀/ခ)၊ ဦးမြကြိုင်အမည်ပေါက်၊ မြေကွက်အမှတ်(၇၉၁/က)၊ ဦးမိုးနိုင်အောင်အမည်ပေါက် မြေကွက်အမှတ်(၇၉၁/ခ)၊ မြေကွက်များနှင့် ယင်းမြေကွက်(၆)ကွက်တွဲပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးနေမျိုးထွန်း[၅/ရဥန(နိုင်)၀၆၂၄၅၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အထောက်အထား(စာရွက်စာတမ်းမူရင်းများ)ဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ် ငြိမ်းငြိမ်း(LLB)(D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၄၂၅၂၈၆၀၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ရွှေကမ်းသာယာအိမ်ရာစီမံကိန်းအပိုင်း(၂)၊ တိုက်အမှတ်(၄၅)၊ အခန်းအမှတ်(၄)ဆိုင်ခန်းအား ဦးစောသက်ဦးလေးခင် [၁၄/ပသန(နိုင်) ၁၅၆၀၅၄]ထံမှ အရောင်းအဝယ် စာချုပ်ဖြင့် ပြန်လည် ဝယ်ယူထားသူ ဒေါ်ခိုင်ခိုင်[၁၂/မရက(နိုင်)၀၀၀၉၉၄]က ၎င်းတို့၏အမည်ဖြင့် ဆိုင်ခန်းပိုင်ဆိုင်ခွင့် စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ်(၈၄)၊ အခန်းအမှတ်(၁၀၁)အား ဦးဝင်းအောင်ချို (MGE-၁၅၃၄၁၀)ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်နန့်လွင်လွင်မော် [၁၄/ကပန(နိုင်)၁၆၅၉၄၁]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃-ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ( ၄၄၂/ခ ) မြေပေါ်ရှိ (၄)ထပ်တိုက်၏ (၄-လွှာ)၊ တတိယထပ်၊ အခန်းအမှတ် (၅)၊ အကျယ် (၁၈x၆၄)ပေရှိ တိုက်ခန်းနှင့် အကျိုး ခံစားခွင့်အရပ်ရပ်တို့အား (၂၅-၁၀-၂၀၁၁)ရက်စွဲပါ "(၃ ၁/၂ )ထပ် (RC) Hall Type ဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူစာချုပ်" အရ မြေရှင်ဒေါ်မြင့်မြင့်ဌေး [၁၂/သဃက(နိုင်)၀၂၃၄၉၃]မှ ခွဲဝေရရှိသော အခန်းဖြစ်ပြီး ၎င်းထံမှ (၁၀-၇-၂၀၁၅)ရက်စွဲပါ "တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်" အရ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ခင်ချမ်းအေး [၁၂/ဗတထ(နိုင်)၀၀၁၆၀၇]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုး သက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| ဦးနေလင်းထွန်း | ဦးဟိန်းစိုး |
|---|---|
| အထက်တန်းရှေ့နေ(စဉ်-၅၀၉၅၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၄) |

**အမှတ်(၅၁)၊ ပထမထပ်၊ ၃၈-လမ်း (ကမ်းနားဘလောက်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၅၊ မြေကွက်အမှတ်-၅၇၊ ဧရိယာ(၄၀ ပေ x၆၀ ပေ) အကျယ်အဝန်းရှိ ဦးကြင်သောင်း(TKA-၀၂၁၇၈၇)[၁၂/စခန(နိုင်) ၀၃၄၀၈၂] အမည်ပေါက် ပါမစ်မြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဒေါ်ခင်သန္တာစိုး[၁၂/အစန(နိုင်) ၀၁၄၇၁၇]မှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ဝယ်ထားပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးသော်ဇေယျ[၁၂/မရက(နိုင်)၀၃၃၈၃၆]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် (၂၆-၈-၂၀၂၅)ရက်နေ့တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲစုဝေမြင့်**
**LL.B, D.B.L, D.I.L,D.M.L,D.I.R,D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၄၉၉)**
**L-2၊ R-3၊ ဝါးတန်းလမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ Ph : 09-5193578**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်(၈၄၆)၏ မြေအကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ဦးမြမောင်[၁၂/တတန(နိုင်)၀၅၃၄၃၅]အမည်ပေါက် မြေချပါမစ်မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးအောင်ဖြိုး[၈/နမန(နိုင်)၁၃၀၅၉၃]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) |
|---|---|
| (LL.B,D.I.L) | LL.B,D.B.L,D.I.L,WIPO(Switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ (ည/၁၁)ရပ်ကွက်၊ အောင်စစ်သည်လမ်း၊ မြေကွက်အမှတ်(၉၂၄/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးဘော်လီအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာလာထိုက်[၁၂/မရက(နိုင်) ၀၀၃၅၉၇]ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်စိုးမိုး[၈/ရနခ(နိုင်)၀၈၆၇၇၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်စိုးမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၂၅၀၉၈၀၆၈၇**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထရောင်ကျေးရွာအုပ်စု၊ မြေတိုင်ကျေးရွာနေ (ဘ)ဦးဝင်းရှိန်၏ သားဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/တကန(နိုင်)၀၃၃၈၅၉]ကိုင်ဆောင်သူ ဦးအောင်ဇော်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ(၂-၄-၁၉၇၂)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ အမက (စပါးကြီးအိုင်)ကျောင်းရှိ (ဘ)ဦးတလုတ်၏ သမီးဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/တကန(နိုင်) ၁၈၁၃၈၁]ကိုင်ဆောင်သူ ဒေါ်တူးတူးလွင်(ဒု-မူပြ)၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၇-၁၉၈၈) ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

